# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်းတရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၂၇ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၆၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်(EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Bakytzhan Abdirovich Sagintayev တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥရောပ-အာရှ စီးပွားရေးကော်မရှင်(EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Bakytzhan Abdirovich Sagintayev နှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံနှင့် (EAEU)အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဇွန် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် ဥရောပ-အာရှ စီးပွားရေး ကော်မရှင် (EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Bakytzhan Abdirovich Sagintayev နှင့် Minsk International Exhibition Center BELEXPO ၌ တွေ့ဆုံဆွေးနွေးသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖


**ယနေ့ ဖတ်စရာ**

ဇွန် ၃၀ ရက်အတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင် — ပြည်တွင်းသတင်း စာ ၉

ကျောင်းအပ်နှံရေး ကျောင်းတက်ရေး သားသမီးပညာရေး ပို၍တွေး ... — ဆောင်းပါး စာ ၁၀

အီရန်နိုင်ငံအရှေ့ပိုင်းရှိ လေဆိပ်များ ပြန်လည်ဖွင့်လှစ် — နိုင်ငံတကာသတင်း စာ ၁၄



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင့်စ်မြို့ရှိ Belmedpreparaty ဆေးဝါးစက်ရုံ၌ ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး Mr. Aliaksandr Khajayeu နှင့် အမြင်ချင်းဖလှယ်ဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ရှိ Belmedpreparaty ဆေးဝါးစက်ရုံသို့ သွားရောက်လေ့လာ

**နေပြည်တော် ဇွန် ၂၆**

ဘယ်လာရုစ် သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မင့်စ်မြို့ရှိ Belmedpreparaty ဆေးဝါးစက်ရုံသို့ သွားရောက်လေ့လာသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Belmedpreparaty ဆေးဝါးစက်ရုံသို့ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး Mr. Aliaksandr Khajayeu နှင့် စက်ရုံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံရှေ့၌ ပြသထားသည့် ဆေးကုသရေးအထောက်အကူပြု မော်တော်ယာဉ်များအား လိုက်လံကြည့်ရှု လေ့လာကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

**ကြည့်ရှုလေ့လာ**

ယင်းနောက် ဘယ်လာရုစ်နိုင်ငံမှ ထုတ်လုပ်ထားသည့် ဆေးဝါးများပြခန်း၊ ဆေးကုသမှုများဆောင်ရွက်ရာတွင်အသုံးပြုသည့် စက်ကိရိယာများပြခန်းတို့

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ရှိ Belmedpreparaty ဆေးဝါးစက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ရှိ Belmedpreparaty ဆေးဝါးစက်ရုံအတွင်း ဆေးဝါးထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုလေ့လာစဉ်။

- ၂၀၂၃ ခုနှစ် ဇွန်လတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင် (EEC) တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum of Cooperation - MOC) အား လက်မှတ်ရေးထိုးနိုင်ခဲ့
- မြန်မာနိုင်ငံနှင့် (EAEU) အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာကိုလည်း လေ့လာတွေ့ရှိရ
- လက်မှတ်ရေးထိုးထားသည့် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှတစ်ဆင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU)၏ လေ့လာသူနိုင်ငံအဆင့်အထိ တက်လှမ်းနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်

❖ ရှေ့မှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဥရောပ - အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဥက္ကဋ္ဌက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

**ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား**

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲကို စတင်ပြုလုပ်ရာ ဥရောပ – အာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား လှိုက်လှဲစွာကြိုဆိုပါကြောင်းနှင့် ယခုကဲ့သို့ စတုတ္ထအကြိမ် ဥရောပ – အာရှ စီးပွားရေးဖိုရမ် (EEF 2025) သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်သည့်အတွက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**စာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုတွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် မိမိတို့မြန်မာနိုင်ငံနှင့် ဥရောပ–အာရှ စီးပွားရေးသမဂ္ဂ (EAEU) အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တွန်းအားဖြစ်စေမည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံနှင့် ဥရောပ–အာရှ စီးပွားရေးသမဂ္ဂ (EAEU)တို့အကြား ၂၀၂၃ ခုနှစ်တွင် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ် ဇွန်လတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ဥရောပ–အာရှ စီးပွားရေးကော်မရှင် (EEC) တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ(Memorandum of Cooperation – MOC) အား လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံနှင့် (EAEU) အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ လက်မှတ်ရေးထိုးထားသည့် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှတစ်ဆင့် ဥရောပ–အာရှ စီးပွားရေးသမဂ္ဂ (EAEU) ၏ လေ့လာသူနိုင်ငံအဆင့်အထိ တက်လှမ်းနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်ထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာကျယ်ပြန့်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဥရောပ–အာရှ စီးပွားရေးကော်မရှင်(EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Bakytzhan Abdirovich Sagintayev က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဥရောပ – အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဥက္ကဋ္ဌတို့သည် မြန်မာနိုင်ငံနှင့် (EAEU)အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍမြှင့်တင်ရေး၊ သတ္တုတူးဖော်မှုဆိုင်ရာ နည်းပညာမြှင့်တင်ရေးနှင့် စွမ်းအင်ကဏ္ဍမြှင့်တင်ရေးတို့တွင် နည်းပညာပိုင်းဆိုင်ရာ၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ဆောင်သွားနိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် (EAEU) အဖွဲ့ဝင်နိုင်ငံများအကြား တိုက်ရိုက်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်း၊ ကုန်စည်ပြပွဲများ၊ ဖိုရမ်များ ကျင်းပခြင်းတို့ဖြင့် စီးပွားရေးကုန်သွယ်မှုအခွင့်အလမ်းကို ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် ဥရောပ – အာရှ စီးပွားရေးသမဂ္ဂ (EAEU)၏ လေ့လာသူနိုင်ငံအဆင့်အထိ တက်လှမ်းနိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများစွာကို ဖော်ဆောင်ပေးနိုင်မည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဥရောပ – အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၃ မှ*

အတွင်း ခင်းကျင်းပြသထားရှိမှုများအား ကြည့်ရှုလေ့လာကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဆေးဝါးစက်ရုံအစည်းအဝေးခန်းမအတွင်း တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဘယ်လာရုစ်နိုင်ငံမှ ထုတ်လုပ်သည့် ဆေးနှင့်ဆေးပစ္စည်းဆိုင်ရာများအား မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍတွင် အသုံးပြုသွားနိုင်မည့် အခြေအနေများ၊ Belmedpreparaty ဆေးဝါးစက်ရုံမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံမှ ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူတို့ အသေးစိတ် ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Belmedpreparaty ဆေးဝါးစက်ရုံအတွင်း လှည့်လည်၍ ဆေးဝါးထုတ်လုပ်နေမှုအဆင့်ဆင့်အား ကြည့်ရှုလေ့လာခဲ့ကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး Mr. Aliaksandr Khajayeu တို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်စဉ်။

အဆိုပါ Belmedpreparaty ဆေးဝါးစက်ရုံသည် Minsk မြို့တွင် တည်ရှိပြီး ဝန်ထမ်းပေါင်း ၂၁၀၀ ကျော်ရှိသည့် ဘယ်လာရုစ်နိုင်ငံ၏ အကြီးဆုံးဆေးဝါးထုတ်လုပ်သည့် စက်ရုံတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Minsk International Exhibition Center BELEXPO ၌ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)၏ မျက်နှာစုံညီအစည်းအဝေး၌ မိန့်ခွန်းပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်

နေပြည်တော် ဇွန် ၂၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ ရှိ Minsk International Exhibition Center BELEXPO ၌ ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025)၏ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်သည်။**

အဆိုပါ စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025)ကို "ဥရောပ-အာရှ စီးပွားရေးပေါင်းစည်းညီညွတ်ရေး မဟာဗျူဟာ-ရလဒ်များနှင့် အလားအလာများ" (Strategy of the Eurasian Economic Integration: outcomes and prospects) ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဖိုရမ်သို့ EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့်အတူ ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU) အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၊ ကာဇက်စတန်နိုင်ငံသမ္မတ၊ ကာဂျစ်စတန်နိုင်ငံသမ္မတ၊ EAEU Observers နိုင်ငံဖြစ်သည့် ကျူးဘားနိုင်ငံသမ္မတ၊ ဖိတ်ကြားထားသည့်နိုင်ငံများဖြစ်ကြသည့် မွန်ဂိုလီးယားနိုင်ငံ၊ ယူအေအီးနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နီကွာရာဂွါသမ္မတ၏ အထူးကိုယ်စားလှယ်တို့ တက်ရောက်ကြပြီး ဥရောပ-အာရှစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို စိတ်ပါဝင်စားသည့် မိတ်ဖက်နိုင်ငံများမှ အစိုးရကိုယ်စားလှယ်များ၊ အကြီးစား၊ အလတ်စားနှင့် အသေးစား စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံအသီးသီးမှ တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများသည် Minsk International Exhibition Center BELEXPO သို့ ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mrs. Petkcvich N. V. က ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

**ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်**

ယင်းနောက် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025) ၏ မျက်နှာစုံညီအစည်းအဝေးကို ပါဝင်တက်ရောက်ကြရာ ဘယ်လာရုစ်နိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko က တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများကို ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် Plenary Session Hall ၌ နေရာယူကြပြီး "ဥရောပ-အာရှ စီးပွားရေး ပေါင်းစည်းညီညွတ်ရေးမဟာဗျူဟာ-ရလဒ်များနှင့် အလားအလာများ" (Strategy of the Eurasian Economic Integration: outcomes and prospects) ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက မိန့်ခွန်းပြောကြားသည်။ ယင်းနောက် EAEU အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် အာမေးနီးယားနိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ ကာဂျစ်စတန်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်ကြီးများ၊ မိတ်ဖက်နိုင်ငံဖြစ်သည့် ကျူးဘားနိုင်ငံသမ္မတ၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင်(EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နီကွာရာဂွါသမ္မတ၏ အထူးကိုယ်စားလှယ်တို့က မိန့်ခွန်းများ အသီးသီးပြောကြားကြသည်။

**မိန့်ခွန်းပြောကြား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU)သည် စတင်ဖွဲ့စည်းထူထောင်ခဲ့သည့် ၂၀၁၅ ခုနှစ်ကတည်းက အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်စေရန်နှင့် လူနေမှုအဆင့်အတန်း မြှင့်တင်နိုင်စေရန်ရည်ရွယ်ပြီး ဖွဲ့စည်းထူထောင်ခဲ့ကြောင်း၊ အဆိုပါရည်ရွယ်ချက်များနှင့်အညီ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဖိတ်ကြားခြင်းခံရသည့်နိုင်ငံများ အပါအဝင် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF)ကိုကျင်းပခဲ့သည်မှာ ယခုအကြိမ်နှင့်ဆိုပါက စတုတ္ထအကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ယခုဖိုရမ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ(EAEU)အနေဖြင့် ပြောင်းလဲနေသည့် ကမ္ဘာ့ပတ်ဝန်းကျင်နှင့်အညီ နိုင်ငံတကာအခန်းကဏ္ဍမြှင့်တင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍ ပလက်ဖောင်းတစ်ခုပေါ်ထွက်ရေး၊ အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုစနစ်မြှင့်တင်ရေး၊ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်(FTA)များ ပေါ်ထွက်လာရေး၊ ဖွံ့ဖြိုးမှုကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး၊ ငွေကြေးဆိုင်ရာ အထောက်အကူပြုနည်းလမ်းများ တိုးတက်လာရေးတို့ကို တိုးတက်အကောင်အထည်ဖော်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာတွင် ပေါင်းစည်းညီညွတ်မှုရှိသည့် ဒေသတွင်းအဖွဲ့အစည်းတစ်ခုကို အပြန်အလှန်လေးစားမှုဖြင့် တည်ဆောက်သွားရန် လိုအပ်ကြောင်း။

ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU)၏ အခြေခံမှုများတွင် အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာတူညီမှုနှင့် နယ်နိမိတ်တည်တံ့မှု အပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာခြင်း၊ အမျိုးသားအကျိုးစီးပွားကိုလေးစားခြင်းတို့သည် ကမ္ဘာတွင် လက်တွေ့လိုအပ်နေသည့်အရာများပင်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတွင် အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များအပေါ် နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးမှုများ၊ ပိတ်ဆို့မှုများသည် ကမ္ဘာ့နိုင်ငံများ၏အခြေခံမှုများကို ချိုးဖောက်နေခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံ့အသီးသီးတွင် ရှိသင့်ရှိထိုက်သည့် ကောင်းမွန်သည့်အခြေခံမှုများကို

*စာမျက်နှာ ၆ သို့*

- ❖ **စိန်ခေါ်မှုများစွာနှင့်ရင်ဆိုင်နေရသည့် ယနေ့နိုင်ငံတကာ အခင်းအကျင်းတွင် ခြိမ်းခြောက်မှုများကို ကျော်လွှားနိုင်ရန်အတွက် မိမိတို့အနေဖြင့် စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်**
- ❖ **ဥရောပ-အာရှစီးပွားရေးသမဂ္ဂသည် ပြင်ပစီးပွားရေးစိန်ခေါ်မှုများနှင့် ပိတ်ဆို့ဒဏ်ခတ်မှုများကြားတွင် မကြာသေးမီနှစ်များအတွင်း တည်ငြိမ်သောတိုးတက်မှုများနှင့် အရေးပါသောအောင်မြင်မှုများကို ပြသနိုင်ခဲ့သည်ကို ဝမ်းမြောက်စွာတွေ့ရှိရ**
- ❖ **မြန်မာနိုင်ငံအနေဖြင့်လည်း ဥရောပ-အာရှစီးပွားရေးသမဂ္ဂ၏ မိသားစုအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရန် များစွာစိတ်အားထက်သန်လျက်ရှိ**




ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ – အာရှစီးပွားရေးဖိုရမ် (EEF 2025) ကျင်းပစဉ်။

*စာမျက်နှာ ၅ မှ*

အလေးထားပြီး ကမ္ဘာ့နိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နေသည့် ဥရောပ–အာရှ စီးပွားရေးသမဂ္ဂ(EAEU)၏လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများအတွက် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက် ထောက်ခံကြောင်းကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် EAEU ၏ လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများကို အလေးထားစိတ်ဝင်စားသကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်လည်း အဆွေတော် သဘာပတိကြီးနှင့် အဖွဲ့ဝင်နိုင်ငံများ၊ ဥရောပ–အာရှစီးပွားရေးကောင်စီရုံးချုပ်တို့က ဆောင်ရွက်ပေးမည်ဟုလည်း မျှော်လင့်ပါကြောင်း။

**နိုင်ငံများအချင်းချင်း အပြန်အလှန်ယုံကြည်မှု**

ယခုစတုတ္ထအကြိမ်မြောက်ဖိုရမ်တွင် ဖိုရမ်၏ ခေါင်းစဉ်ဖြစ်သည့် “ဥရောပ–အာရှ စီးပွားရေးပေါင်းစည်းညှိနှိုင်းရေးမဟာဗျူဟာ – ရလဒ်များနှင့် အလားအလာများ” သည် အချိန်အခါနှင့်ကိုက်ညီသည့် ခေါင်းစဉ်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ အဆွေတော် ဘယ်လာရုစ်သမ္မတကြီး၏ ခေါင်းဆောင်မှုအောက်တွင် စတုတ္ထအကြိမ်မြောက် ဥရောပ–အာရှစီးပွားရေးဖိုရမ်သည် နိုင်ငံများအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစသည့် ရလဒ်ကောင်းများ ရရှိစေမည်ကို အပြည့်အဝယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံနှင့် ဥရောပ–အာရှစီးပွားရေးသမဂ္ဂတို့အကြား ထိတွေ့ဆက်ဆံမှုသည် ၂၀၂၂ ခုနှစ်က စတင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ဖိတ်ကြားချက်အရ EAEU နှင့် ဥရောပ – အာရှစီးပွားရေးကော်မရှင်(EEC)၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြန်မာနိုင်ငံကို လာရောက်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ စသည့်ကဏ္ဍပေါင်းစုံကို ကျယ်ပြန့်စွာဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထိတွေ့ဆက်ဆံမှုသည် ၂၀၂၃ ခုနှစ်ကစပြီး အရှိန်အဟုန်မြင့်တက်လာခဲ့ကြောင်း၊ ထိုစဉ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံနှင့် ဥရောပ–အာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

**ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရှာဖွေ**

ထို့အပြင် ၂၀၂၄ ခုနှစ်တွင်လည်း ဥရောပ–အာရှစီးပွားရေးကော်မရှင် (EEC) ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံကိုလာရောက်ခဲ့ပြီး ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်နိုင်ခဲ့ကြောင်း၊ မြန်မာနှင့် ဥရောပ–အာရှစီးပွားရေးကော်မရှင်အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအကောင်အထည်ဖော်ရေး ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးများကို မြန်မာနိုင်ငံ နေပြည်တော်တွင် တစ်ကြိမ်၊ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်တစ်ကြိမ်ပြုလုပ်ပြီး ပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်ဆက်ဆံမှုတို့ကို မြှင့်တင်နိုင်ခဲ့ကြောင်း၊ ယင်းသည် အပြန်အလှန်ဆက်ဆံရေး မြှင့်တင်ရန်အတွက် အခြေခံအုတ်မြစ်ချနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဥရောပ–အာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေး၊ ကုန်သွယ်ရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရှာဖွေဖော်ထုတ်ပြီး တိုးမြှင့်ဆောင်ရွက်သွားလိုကြောင်း။

**အရေးပါသောအောင်မြင်မှုများကို ပြသနိုင်ခဲ့**

စိန်ခေါ်မှုများစွာနှင့်ရင်ဆိုင်နေရသည့် ယနေ့နိုင်ငံတကာ အခင်းအကျင်းတွင် ခြိမ်းခြောက်မှုများကို ကျော်လွှားနိုင်ရန်အတွက် မိမိတို့အနေဖြင့် စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သော အခြေအနေများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် စုပေါင်းဆောင်ရွက်သည့်နေရာတွင် ဥရောပ–အာရှစီးပွားရေးသမဂ္ဂအဖွဲ့ကြီး၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ဥရောပ–အာရှစီးပွားရေးသမဂ္ဂသည် ပြင်ပစီးပွားရေး စိန်ခေါ်မှုများနှင့် ပိတ်ဆို့ဒဏ်ခတ်မှုများကြားတွင် မကြာသေးမီနှစ်များအတွင်း တည်ငြိမ်သောတိုးတက်မှုများနှင့် အရေးပါသောအောင်မြင်မှုများကို ပြသနိုင်ခဲ့သည်ကို ဝမ်းမြောက်စွာ တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ဥရောပ – အာရှစီးပွားရေးသမဂ္ဂ၏ မိသားစုအဖွဲ့ဝင် နိုင်ငံအဖြစ်ပါဝင်ရန် များစွာစိတ်အားထက်သန်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံကို ဥရောပ–အာရှစီးပွားရေးသမဂ္ဂ၏ လေ့လာသူနိုင်ငံအဖြစ် ဆောလျင်စွာပါဝင်နိုင်ရေးအတွက် အဆွေတော်တို့အနေဖြင့် ထောက်ခံဆောင်ရွက်ပေးပါရန် မိမိအနေဖြင့် အလေးအနက်ထား မေတ္တာရပ်ခံလိုပါကြောင်း။

မိမိတို့နိုင်ငံနှင့် ဥရောပ – အာရှစီးပွားရေးသမဂ္ဂတို့အကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားမှု၊ အပြန်အလှန်အကျိုးပြုသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် တန်းတူညီမျှမှုတို့အပေါ် အခြေခံပြီး တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားလိုကြောင်း၊ အဆွေတော်တို့၏ ပြည်သူပြည်သားများအားလုံး ကျန်းမာချမ်းသာပြီး တိုင်းပြည်သာယာဝပြောတိုးတက်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

ဆွေးနွေးပွဲအပြီးတွင် EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်နိုင်ငံ သမ္မတ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံအသီးသီးမှတက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများသည် Minsk International Exhibition Center BELEXPO ရှေ့၌ ခင်းကျင်းပြသထားသည့် ဘယ်လာရုစ်နိုင်ငံမှ ထုတ်လုပ်ထားသည့် ကမ္ဘာ့အကြီးဆုံးနှင့် အလေးချိန်အများဆုံး သယ်ဆောင်နိုင်သော မိုင်းတွင်းသုံး ထရပ်ကားကြီးရှေ့၌ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဥရောပ–အာရှ စီးပွားရေးဖိုရမ်ကို ၂၀၂၂ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလျက်ရှိပြီး ဥရောပ–အာရှ စီးပွားရေးသမဂ္ဂ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ်တာဝန်ယူသည့် အဖွဲ့ဝင်နိုင်ငံက ကြီးမှူး၍ ဥရောပ–အာရှဒေသတွင်း စီးပွားရေးပေါင်းစည်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ရန်ရည်ရွယ်၍ ဖိုရမ်တွင်ဆွေးနွေးမည့် ခေါင်းစဉ်များသတ်မှတ်ကာ ကျင်းပခြင်းဖြစ်ကြောင်း၊ ဖိုရမ်ပထမအကြိမ်ကို ကာဂျစ်စတန်နိုင်ငံ ဘစ်ရှ်ခက်မြို့တွင် ၂၀၂၂ ခုနှစ်ကလည်းကောင်း၊ ဒုတိယအကြိမ်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ၂၀၂၃ ခုနှစ်က လည်းကောင်း၊ တတိယအကြိမ်ကို အာမေးနီးယားနိုင်ငံ ယဲရဗန်မြို့တွင် ၂၀၂၄ ခုနှစ်ကလည်းကောင်း အသီးသီးကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယခု ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ် ဥရောပ – အာရှ စီးပွားရေးဖိုရမ် (EEF 2025)တွင် နိုင်ငံပေါင်း ၃၃ နိုင်ငံမှ လူပေါင်း ၂၇၀၀ ကျော်ပါဝင်တက်ရောက်၍ မျက်နှာစုံညီအစည်းအဝေးများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ စီးပွားရေးဆွေးနွေးပွဲများဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ်တွင်ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ် ဥရောပ–အာရှစီးပွားရေးဖိုရမ် (EEF 2025) တွင် မြန်မာနိုင်ငံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မျက်နှာစုံညီအစည်းအဝေးတွင် ပါဝင်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်သည် ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည့် ဥရောပ–အာရှဒေသတွင် ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်ပေါ်လာစေရေးအတွက် ရွှေ့ပြောင်းသွားလာခြင်း၊ ဘက်စုံသယ်ယူပို့ဆောင်ရေးနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း နည်းလမ်းများဆိုင်ရာ ဆွေးနွေးမှုအစီအစဉ်တွင်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယနေ့ မွန်းလွဲပိုင်းတွင်ပြုလုပ်သည့် စိုက်ပျိုးရေးကဏ္ဍ ထိရောက်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥရောပ–အာရှစီးပွားရေးသမဂ္ဂတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေးမှုအစီအစဉ်တွင်လည်းကောင်း အသီးသီးပါဝင်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စတုတ္ထအကြိမ် ဥရောပ–အာရှစီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများသည် ဘယ်လာရုစ်နိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko က တည်ခင်းဧည့်ခံသည့် ညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူမည့်မေးခွန်းလွှာပုံစံများ ရှင်းလင်းခြင်းသင်တန်းဖွင့်

**မော်လမြိုင် ဇွန် ၂၆**

မော်လမြိုင်မြို့၌ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေးပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူမည့် မေးခွန်းလွှာပုံစံများ(Question naire) ရှင်းလင်းခြင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ်စာရင်းအင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ကနဦး လိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အောက်ရှိ လုပ်ငန်းကော်မတီ ၁၁ ခုအနက် ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီကို ပြည်နယ်အစိုးရအဖွဲ့က(၁၀–၅–၂၀၂၅)တွင် အဖွဲ့ဝင် ၁၆ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး ကော်မတီများသည် မေးခွန်းလွှာပုံစံကို ဒေသအလိုက်သက်ဆိုင်ရာဌာနများမှ တာဝန်ပေးမည့်သူများ၊ လူမှုရေးအသင်းအဖွဲ့များအား ဆင့်ပွားသင်တန်းများ ပေးထားရန် ဆုံးဖြတ်ချက်အရ သင်တန်းပို့ချရခြင်းဖြစ်ကြောင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများအား ပို့ချပေးခြင်းဖြစ်၍ ခရိုင်၊ မြို့နယ်ရှိ ဌာနများသို့ ထပ်ဆင့်ဆင့်ပွားသင်တန်း ပြန်လည်ပို့ချပေးရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ တာဝန်ခံ ဒေါ်ဖြူပြာထွန်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းကို ဌာန ၄၆ ခုနှင့် ဌာနဆိုင်ရာ ၉၂ ဌာနတို့မှ ဝန်ထမ်း ၉၂ ဦးအား ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့မှ တာဝန်ရှိသူများက စာရင်းဖြည့်သွင်းခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# “ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှအေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၂၆

**“ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့်ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှအေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်ခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။**

ငြိမ်းချမ်းရေးဖိုရမ်သို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများ တက်ရောက်ကြပြီး အဖွဲ့ (၂) ဖွဲ့ခွဲ၍




ဆွေးနွေးကြသည်။

**အမြင်သဘောထားများဆွေးနွေး**

နံနက်ပိုင်းဆွေးနွေးမှုတွင် အဖွဲ့ (၁)နှင့် အဖွဲ့ (၂) တို့၏ သဘာပတိများအဖြစ် အဖွဲ့ (၁)၌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ အဖွဲ့(၂)၌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် (ငြိမ်း)တို့က ဆောင်ရွက်ကြပြီး “ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး(နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် ရွေးကောက်ပွဲ၏ အရေးပါမှု၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ ကျင်းပပြီး ဂုဏ်သိက္ခာရှိသော လွှတ်တော်ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်သင့်သောအစီအမံများ)” ခေါင်းစဉ်ကိုလည်းကောင်း၊ မွန်းလွဲပိုင်းဆွေးနွေးမှုတွင် အဖွဲ့(၁)၌ သဘာပတိအဖြစ် ဒေါက်တာ ညိုညိုသင်းက ဆောင်ရွက်ပြီး “ငြိမ်းချမ်းရေး၊ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့်နည်းလမ်းများကိုဖော်ထုတ်ခြင်း”၊ အဖွဲ့(၂)၌ သဘာပတိအဖြစ် ဒေါက်တာ ချောချောစိန်က ဆောင်ရွက်ပြီး “ရွေးကောက်ပွဲအလွန် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် နိုင်ငံတကာအသိုက်အဝန်းများ၏အခန်းကဏ္ဍကို ဖော်ထုတ်ခြင်း” ခေါင်းစဉ်တို့ကိုဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများအပေါ် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ ငြိမ်းချမ်းရေးဖိုရမ် တတိယနေ့ ဆွေးနွေးပွဲအား ဇွန် ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီး / ပြည်နယ်အစိုးရများ၏ အခွန်ရငွေတိုးတက်ရရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၆

**တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ အခွန်ရငွေတိုးတက်ရရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံတွင် အခွန်အကောက်စနစ်ကိုပြည်ထောင်စုအစိုးရကကောက်ခံသည့် အခွန်အခများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများက ကောက်ခံသည့်အခွန်အခများနှင့် စည်ပင်သာယာရေးအဖွဲ့အစည်းများက ကောက်ခံသည့်အခွန်အခများဟူ၍ အဆင့် (၃) ဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခွန်ကောက်ခံရာ၌ နိုင်ငံတော်အတွက် အခွန်အပြည့်အဝရရှိစေရေးနှင့် ပြည်သူများအတွက် အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးအတွက် “အခွန်ကောက်ခံရာတွင် အခွန်နှုန်းထားကို တိုးမြှင့်ကောက်ခံခြင်းမပြုဘဲ ရသင့်ရထိုက်သည့် အခွန်နယ်ပယ်ကိုချဲ့ထွင်၍ ထိထိရောက်ရောက်ဆောင်ရွက်ခဲ့သည့်အတွက် အခွန်ရရှိမှုတိုးတက်လာသည်ကို တွေ့ရကြောင်း၊ အခွန်နှင့်စပ်လျဉ်းပြီး တာဝန်ရှိသည့် ဝန်ကြီးဌာနများအနေဖြင့်လည်း နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်အခများကို ပြည့်ပြည့်ဝဝရရှိအောင် ကောက်ခံပေးရန် လိုကြောင်း” ကို လမ်းညွှန်မှုပြုခဲ့သည့်အပြင် “အခွန်အခများကောက်ယူရာတွင်အခွန်အား တိုးမြှင့်ကောက်ခံခြင်းမပြုဘဲ ယခင်ရှိပြီး အခွန်နှုန်းထားများအတိုင်း ရသင့်ရထိုက်သော နယ်ပယ်အလိုက် အခွန်များ မကျန်ရှိအောင် ကောက်ခံခြင်းများကို ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း” ကို လမ်းညွှန်မှုပြုခဲ့ကြောင်း။

အဆိုပါလမ်းညွှန်ချက်များနှင့်အညီ အခွန်ကောက်ခံမှုလုပ်ငန်းစဉ်များကို ပိုမိုထိရောက်ကောင်းမွန်စွာဆောင်ရွက်နိုင်ရေးအတွက် အဆင့်ဆင့်သော အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြည်ထောင်စုအစိုးရကကောက်ခံရရှိသည့် အခွန်ငွေများထဲမှ အခွန်ဝေစုကို နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဘဏ္ဍာရန်ပုံငွေများသို့ လွှဲပြောင်းပေးသွင်းထောက်ပံ့ပေးလျက်ရှိကြောင်း၊ နောင်ကာလများတွင် တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကောက်ခံရရှိသည့် အခွန်များနှင့် ရပ်တည်နိုင်အောင် ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ၏ အခွန်ရငွေတိုးတက်ရရှိလာစေရေးအတွက် ဆောင်ရွက်မည့် အစီအမံများနှင့် ပစ္စည်းခွန်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြရန်ဖြစ်ကြောင်း။

ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် နေပြည်တော် အတွင်းရှိမြို့များတွင် ဌာနဆိုင်ရာအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ လူနေအဆောက်အအုံများ ပြိုကျပျက်စီးခဲ့ခြင်း၊ ပြည်သူများထိခိုက်သေဆုံးခြင်းနှင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်အတွက် ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်ခဲ့ရကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါငလျင်ဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လျင်မြန်စွာ ဆက်လက်လုပ်ဆောင်လျက်ရှိရာ လိုအပ်သည့်အသုံးစရိတ်များ ပိုမိုတိုးမြှင့်သုံးစွဲနေရကြောင်း၊ ယင်းအသုံးစရိတ်များ ကာမိစေရန်နှင့် ဘဏ္ဍာရေးလိုငွေပြမှုများလျှော့ချနိုင်ရန် ပြည်ထောင်စုအနေဖြင့်လည်း ပြည်ထောင်စု၏ အခွန်ကောက်ခံရန်လျာထားချက်များကို ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကလည်း မိမိတို့ကောက်ခံရန် အခွန်လျာထားချက်များ ပြည့်မီအောင်ကောက်ခံနိုင်ရေး ကြိုးပမ်းဆောင်ရွက်




ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အခွန်ကောက်ခံရန်လျာထားချက်နှင့် ပစ္စည်းခွန်၊ ပစ္စည်းခွန် ထိရောက်စွာကောက်ခံနိုင်မည်ဆိုပါက တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် ပြည်ထောင်စု၏ ထောက်ပံ့ငွေအပေါ် မှီခိုရမှုကို လျှော့ချနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အခြေခံအဆောက်အအုံစီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံရာတွင် ပြန်လည်အသုံးချနိုင်ခြင်း၊ အိမ်ခြံမြေကဏ္ဍတွင် စုပြုံရင်းနှီးမြှုပ်နှံမှုကို တားဆီးနိုင်ပြီး ထုတ်လုပ်မှုကိုအားပေးသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိလာစေခြင်းစသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သယံဇာတရေးရာဝန်ကြီး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများက လက်ရှိကောက်ခံလျက်ရှိသည့် ပစ္စည်းခွန်စနစ်နှင့် မိမိတို့ဒေသအတွင်း ထိရောက်သည့်အခွန်စနစ်များဖြင့် အခွန်တိုးတက်ကောက်ခံရရှိရေး ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ ပြည်နယ်များတွင် စနစ်တကျ အခွန်ကောက်ခံမှုဖြင့် အခွန်ရငွေနှင့် ဂျီဒီပီအချိုး တိုးတက်လာစေရေး၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံလောက်သည့်အသုံးစရိတ်များ တိုးတက်ရရှိရေးနှင့် ပြည်ထောင်စု၏ အခွန်ဘဏ္ဍာရငွေအပေါ်မှီခိုမှုကို လျှော့ချနိုင်ရေးတို့အတွက် ထိရောက်သည့် အခွန်စီမံခန့်ခွဲမှုစနစ်များဖြင့် ဒေသအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ မီးရှို့ဖျက်ဆီးမည့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို ကြည့်ရှုစဉ်။

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများနှင့် တောင်ကြီး၊ ရန်ကုန်၊ မန္တလေးမြို့တို့တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများမီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများဖျက်ဆီး

**နေပြည်တော် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပပြီး တောင်ကြီး၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများ ဖျက်ဆီးခြင်းကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပကာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသူများကို ဆုများချီးမြှင့်ကြသည်။

(၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့၌ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းကို နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်းနှင့် ဓာတုပစ္စည်းများ မြေမြှုပ်ဖျက်ဆီးခြင်းကို ထီဖောင်းကျေးရွာအုပ်စု စည်ပင်အမှိုက်ကျင်းသွား လမ်းဘေးရှိ ကျောက်ကျင်းဟောင်း၌ပြုလုပ်ရာ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် နှင့် ပြည်နယ်ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများ၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် သန့်လွင်မောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)မှ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုသင်တန်းကျောင်းတို့မှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များ၊ မြို့မိ မြို့ဖများ တက်ရောက်ကြသည်။

အဆိုပါ မီးရှို့ဖျက်ဆီးပွဲတွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် ဘိန်း ၉၁၉ ကီလိုကျော်၊ ဘိန်းဖြူ ၄၆၁ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၂ သန်းကျော်၊ အိုက်စ် ၅၀၉၃ ကီလိုကျော်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၉၇ ကီလိုကျော်၊ ကက်တမင်း ၂၇၁၅ ကီလိုကျော်၊ ဆေးခြောက် ၅၉ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၁၉ မျိုးနှင့် ဓာတုပစ္စည်း ၁၂ မျိုး စုစုပေါင်း တန်ဖိုး မြန်မာငွေကျပ် ၃၅၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၉၈ သန်းကျော်) ကို ဖျက်ဆီးခဲ့သည်။

ထို့ပြင် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ကုန်တင်ယာဉ်ရပ်နားကွင်း၌ မီးရှို့ဖျက်ဆီးမည့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို ကြည့်ရှုစဉ်။

တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် နှင့် ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ်မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ခဲ့၍ ဆုရရှိသူ ၁၉ ဦး၊ ကျောင်းသား ကျောင်းသူ ၂၀၀ တက်ရောက်ခဲ့ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား၍ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ပြည်နယ်မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆိုင်ရာ အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

ထို့အတူ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ကုန်တင်ယာဉ်ရပ်နားကွင်း၌ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနား ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၊ သူနာပြုတက္ကသိုလ်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ဖမ်းဆီးရမိသော ဘိန်း ၃၅ ကီလိုခန့်၊ ဘိန်းဖြူ ၁၇၃ ကီလိုကျော်၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၇၃ သန်းကျော်၊ အိုက်စ် ၁၀၄၇၆ ကီလိုကျော်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၃၂ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၁၄ ကီလိုကျော်၊ ကက်တမင်း ၅၇၆၄ ကီလိုကျော်၊ ဆေးခြောက် ၄၀၄ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၂၅ မျိုးနှင့် ဓာတုပစ္စည်း ၁၁ မျိုး စုစုပေါင်း တန်ဖိုး မြန်မာငွေကျပ် ၄၂၄ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၁၁၈ သန်းခန့်)ကို ဖျက်ဆီးခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နံနက် ၁၀ နာရီတွင်ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး

*စာမျက်နှာ ၉ သို့*



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်) ရပ်ကွက်ရှိ လေယာဉ်ကွင်းအဟောင်း၌ မီးရှို့ဖျက်ဆီးမည့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို ကြည့်ရှုစဉ်။

စာမျက်နှာ ၈ မှ
ဝန်ကြီးချုပ် ဦးစိုးသိန်း နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ခဲ့၍ ဆုရရှိသူ ရှစ်ဦး၊ ကျောင်းသား ကျောင်းသူ ၂၅၀ တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

အလားတူ မန္တလေးမြို့တွင်ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်) ရပ်ကွက်ရှိ လေယာဉ်ကွင်းအဟောင်း၌ နံနက် ၈ နာရီတွင်ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ရဲအရာရှိကြီးများ၊ မန္တလေးမြို့အခြေစိုက် ကောင်စစ်ဝန်ရုံးများမှ ကိုယ်စားလှယ်များနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့၍ ဆုရရှိသူ ၂၀ တက်ရောက်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီးမူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့သည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့၌ကျင်းပသည့် (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် အသိပညာပေးဓာတ်ပုံများ၊ နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ထားဝယ်မြို့၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများနှင့် အလယ်ပိုင်းဒေသများမှ ဖမ်းဆီးရမိသည့် ဘိန်း ၃၈၀ ကီလိုခန့်၊ ဘိန်းဖြူ ၁၁၁၀ ကီလိုခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅ သန်းကျော်၊ အိုက်စ် ၆၄၁ ကီလိုခန့်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၈၆ ကီလိုကျော်၊ ကက်တမင်း ၉၃ ကီလိုကျော်၊ ဆေးခြောက် ၁၃၄ ကီလိုခန့်အပါအဝင် မူးယစ်ဆေးဝါး ၂၆ မျိုးနှင့် ဓာတုပစ္စည်း ၁၇ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၂၉၅ ဘီလီယံကျော် (အမေရိကန် ဒေါ်လာ ၈၂ သန်းကျော်)ကို ဖျက်ဆီးကြသည်။

ယခုနှစ်တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့၊ မြေမြှုပ်ဖျက်ဆီးခြင်းအစီအစဉ်များကို တောင်ကြီး၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တမူး၊ ကသာနှင့် ရွှေဘိုမြို့ တို့တွင်ကျင်းပရာ ဘိန်း ၁၃၃၄ ကီလိုကျော်၊ ဘိန်းဖြူ ၁၇၄၄ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၁ သန်းကျော်၊ အိုက်စ် ၁၆၂၁၀ ကီလိုကျော်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၂၁၅ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၁၄ ကီလိုကျော်၊ ဆေးခြောက် ၅၉၇ ကီလိုကျော်နှင့် ကက်တမင်း ၈၅၇၃ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၆၆ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၁၀၇၂ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၂၉၇ သန်းကျော်)တို့ကို ဖျက်ဆီးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းအများအပြား ဖမ်းဆီးရမိကာ ဖျက်ဆီးနိုင်ခဲ့ကြောင်းနှင့် ၂၀၂၄ ခုနှစ် ဇွန် ၁ ရက်မှ ၂၀၂၅ ခုနှစ် မေ ၃၁ ရက်အထိ တစ်နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံ၌ ငွေကျပ် ၉၇၂ ဒသမ ၄၆၁ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၆**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ဇွန် ၂၆ ရက်အထိ သေဆုံးသူ ၃၇၆၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၈ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၄၆ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဇွန် ၂၅ ရက် ညနေ ၅ နာရီမှ ယနေ့ ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ICRC ကလှူဒါန်းသည့်ဆေးဝါး ( ၁၇ ဒသမ ၅၄၂ တန်) ရောက်ရှိခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနက လက်ခံရယူကာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဇွန် ၃၀ ရက်အတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၂၆**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၃၀ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ချင်းတွင်းမြစ်ရေ ကလေးဝမြို့နှင့် မုံရွာမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇွန် ၂၆**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကလေးဝမြို့နယ်နှင့် မုံရွာမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ကျောင်းအပ်နှံရေး ကျောင်းတက်ရေး သားသမီးပညာရေး ပို၍တွေး ...



ဒေါက်တာမောင်ကျော်
ပါမောက္ခချုပ်(ငြိမ်း)



✪ **ပြည်တွင်းမငြိမ်မသက်၊ အငြင်းပွားမှုတွေ၊ ဝရုန်းသုန်းကားနဲ့ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်နေလိမ့်မယ်။ ဒါကြောင့် ကလေးသူငယ်ကအစ မိဘတွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ ကဏ္ဍအသီးသီးမှာ တာဝန်ရှိသူတွေဟာ ကိုယ့်နိုင်ငံအနာဂတ်အတွက် ပညာရေးကို ပိုရင်းနှီးမြှုပ်နှံကြမှ၊ ကြီးမားတဲ့ တာဝန်ကြီးတွေကို ထမ်းဆောင်နေကြရတယ်လို့ ခံယူပြီး သားသမီးအရေး၊ ကျောင်းတက်ဖို့အရေး၊ ပိုတွေးမှ တော်ကာကျလိမ့်မယ်။ ကလေးတွေရဲ့ အနာဂတ်အရေး မျှော်တွေးပြီး ဝိုင်းဝန်းကူညီစောင့်ရှောက်ဖို့ ဖြစ်ပါတယ်။ ဒီကြိုးစားမှုကြောင့် ဖြစ်ထွန်းလာမယ့် ကျောင်းနေအရွယ်ကလေးတွေ ရာနှုန်းပြည့်နီးပါး ကျောင်းနေပြီး စာဖတ်တတ်၊ ရေးတတ်၊ တွက်တတ်တဲ့ ကျောင်းသင်ပညာရေးဟာ ဗလငါးတန်အထိ ရှေးရှုနိုင်တာမို့ တန်ဖိုးကြီးလှပါတယ်။ ကျောင်းဟာ အနည်းဆုံး ဆိုးသွမ်းလူငယ်မဖြစ်ဘဲ စည်းကမ်းရှိတဲ့သူဖြစ်အောင် လုပ်ပေးတယ်။ ကျောင်းဟာ မဖွံ့ဖြိုးသေးတဲ့ဒေသဖွံ့ဖြိုးအောင် လုပ်ပေးနိုင်တယ်**

### ပညာရေးစီမံကိန်းတစ်ခု

၁၉၅၂ ခုနှစ်ကတည်းက ပြည်ထောင်စုတစ်ဝန်း လူမှုဘဝမြင့်မားရေး ပညာရေးစီမံကိန်းတစ်ခုတည်းက တစ်နိုင်ငံလုံး စာအရေး၊ အဖတ်၊ အတွက်အချက်တတ်ဖို့ အားထုတ်ခဲ့တာဟာ ယနေ့အချိန်အခါအထိ ဖြစ်ပါတယ်။

မူလတန်းပညာကို သင်ခွင့်မရခဲ့တဲ့ ကျောင်းနေအရွယ်ကလေးသူငယ်အရေးအတွက်ဟာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကြီးမားခဲ့ပါတယ်။ ဂဏန်းမသင် လာဘ်မမြင်သူတွေ၊ စာမတတ် စာမဖတ်နိုင်သူတွေ ပေါများခဲ့ရပါတယ်။ ယနေ့ခေတ်အချိန်အခါမှာတောင် အလယ်တန်းပြီးမြောက်သူဟာ ၁၈ သန်းဆိုတော့ တိုင်းပြည်ရဲ့ သုံးပုံနှစ်ပုံဟာ အလယ်တန်းပညာကို လက်လှမ်းမမီလေရော့သလား၊ စဉ်းစားစရာဖြစ်နေပါတယ်။ ဘယ်လိုပဲဖြစ်စေ ဒီကိန်းဂဏန်းတွေဟာ စိတ်ချောက်ချားဖွယ်ဖြစ်နေပါတယ်။ အသက်အရွယ်အရ သင်ယူရမယ့်ပညာရေးဟာ တစ်ခါက အဟောသိကံ ဖြစ်ခဲ့ရတာကို ယနေ့သင်ခန်းစာယူကြရလိမ့်မယ်။

ခေတ်အဆက်ဆက် မြန်မာ့ပညာရေးဟာ မညံ့ခဲ့ပါဘူး။ သင်ရိုးအဆင့်တွေဟာလည်း နိုင်ငံတကာနဲ့ မယှဉ်နိုင်တောင် အရှေ့တောင်အာရှကို ကောင်းကောင်း ယှဉ်နိုင်တယ်လို့ ပြောချင်ပါတယ်။ ပညာသင်စရိတ်ဟာ အခမဲ့ပါပဲ။ ထောက်ပံ့စာအုပ်စာတမ်းဆိုတာဟာလည်း ကျောင်းတက်မယ့်သူအားလုံးအတွက် ဖူလုံနေပါတယ်။ နိုင်ငံရဲ့သားငယ်၊ သမီးငယ်ဆယ်ကျော်သက်တွေ ကျောင်းဖွင့်ရာသီမှာ ကျောင်းတက်ဖို့ တိုက်တွန်းတာကြောင့် ခေါင်းလောင်းသံတညံညံနဲ့ ကျောင်းတွေဟာ လှုပ်လှုပ်ရှားရှားရှိခဲ့ပါတယ်။ ကျောင်းသားဦးရေဟာလည်း မြင့်သထက်မြင့်လာပေမယ့် ရာနှုန်းပြည့်မဖြစ်သေးတော့ နိုင်ငံအနေနဲ့ အားမလိုအားမရဖြစ်ရတာ အမှန်ပဲ။ ဘာကြောင့်လဲဆိုတော့ စာတတ်ပေတတ်ပညာတတ်တွေပေါများမှ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဒီမိုကရေစီရေးတွေကို မည်မည်ရရလုပ်နိုင်မှာဖြစ်လို့ ကျောင်းတက်ဖို့၊ ကျောင်းထွက်နှုန်းနည်းဖို့ နိုင်ငံတစ်ဝန်း အာပေါက်အောင်ပြောရ၊ လူကြီးတွေကိုယ်တိုင်နေရာအရောက် ထောက်ပံ့နေတာတွေမြင်ရတော့ ကြည့်မကောင်းရှုမကောင်းဖြစ်ရပါတယ်။

ပညာရေးပြုပြင်ပြောင်းလဲမှုတွေ၊ မြှင့်တင်မှုတွေအရ ပညာရေးပြက္ခဒိန်မှာ မေလနဲ့ ဇွန်လအတွင်း ကျောင်းအပ်နှံရေးသီတင်းပတ်၊ ဇူလိုင်လမှာ ကျောင်းနဲ့ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ဩဂုတ်လမှာ ကျောင်းကျန်းမာရေးသီတင်းပတ်ရယ်လို့ ပညာရေးအစီအစဉ်တွေ ရေးဆွဲပြီး ဆရာ ကျောင်းသားအပေါင်းဟာ တက်ကြွစွာလုပ်ဆောင်နေကြတာတွေ မြင်ရပါတယ်။ ပညာရေးပြက္ခဒိန်မှာ ဘာကြောင့် ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေလနဲ့ ဇွန်လအတွင်း သတ်မှတ်ပြီး သိုက်သိုက်ဝန်းဝန်း ဆောင်ရွက်ရသလဲဆိုရင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေစေချင်လို့ပါပဲ။ တစ်နိုင်ငံလုံး ရေးတတ်၊ ဖတ်တတ်၊ ဂဏန်းသင်္ချာ တွက်တတ်ဖို့ ဖြစ်ပါတယ်။ ဘဝကို အစစ်အမှန် ထိန်းကျောင်းနိုင်တာတစ်ခုက အနိမ့်ဆုံး KG + 9 ပညာလောက် အခြေခံပညာလောက်တတ်မှဖြစ်မယ်။ ဘယ်နိုင်ငံက ပညာရှင်ကို မေးမေး ဒီအဖြေကို ပေးလိမ့်မယ်။

**သင်ခန်းစာတွေဟာ ခက်လို့၊ သင်တဲ့နည်းတွေဟာ ဟန်မကျလို့၊ ကျောင်းက ဝေးလို့၊ စစ်ပွဲရှောင်နေရလို့၊ ဘာလို့ညာလို့ဆိုပြီး အမျိုးမျိုးသော ဆင်ခြေတွေနဲ့ ကျောင်းတက်သူ၊ ကျောင်းအပ်နှံသူအရေအတွက် အမြင့်ဆုံးသို့ မရောက်ဖြစ်နေပါတယ်။ ပညာစီးပွားခေတ် (Knowledge economy) မှာ ကျောင်းသား လူငယ်တွေ စာမသင်၊ ပညာမသင်လို့ကတော့ ယှဉ်ပြိုင်နိုင်မှာ မဟုတ်ဘူးဆိုတာ ပြောဖွယ်ရာ မလိုတော့ပြီ။ အုပ်ထိန်းသူကဖြစ်စေ၊ မိဘကဖြစ်စေ သူ့ကလေးပညာရေးအတွက် ကလေးကို ကျောင်းလာအပ်တယ်ဆိုရင်ပဲ ရပ်ရွာရဲ့ ကျောင်းဟာ ဥပစာ ဖြစ်လာပါတယ်။**

ကျောင်းဟာ ကျွမ်းကျင်မှုကို မြှင့်တင်ပေးနိုင်တယ်။ အသိဉာဏ်ကို မြှင့်တင်ပေးတယ်။ ဗြဟ္မစိုရ်တရား ထွန်းကားအောင် လုပ်ပေးတယ်။ စိတ်ဓာတ်ရေးရာ ပြုပြင်ပေးတယ်။ လူ့ဘဝနဲ့ လူသားအချင်းချင်း ချစ်မြတ်နိုးအောင် လုပ်ပေးနိုင်တာဟာလည်းကျောင်းပဲ။ စာသင်ကျောင်းက အစပြုလိုက်တဲ့ လောကနီတိ ကျင့်ဝတ်တွေကသာ တစ်ဦးနဲ့တစ်ဦး တန်ဖိုးထားလေးစားမှု၊ နားလည်ပေးမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိတဲ့ နိုင်ငံသားကောင်းများကို မွေးထုတ်ပေးရာရောက်တယ်။ စိန်ခေါ်မှုကို ဉာဏ်နဲ့ယှဉ်ပြီး ရင်ဆိုင်နိုင် ကျော်လွှားနိုင်ဖို့ စွန့်စားကြရလိမ့်မယ်။ မစွန့်စားရင် မစားရဘူးလို့ ဆိုသလိုပါပဲ။ မြန်မာ့တံခါးကို ဖွင့်၊ ကမ္ဘာကိုကြည့်လိုက်ပါ၊ ဒီနေ့ လှုပ်ရှားရမယ့်ကိစ္စဟာ နိုင်ငံသားတိုင်း အရွယ်ရောက်သူကလေးတိုင်းဟာ ခေါင်းလောင်းသံတညံညံနဲ့ ကျောင်းတက်ဖို့ပဲဖြစ်ပါတယ်။

"မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်သည့် အစဉ်လေ့လာသင်ယူနေသော လူဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းစေရန်" ဖြစ်ပါတယ်။ **Lifelong learning** ဖြစ်ပါတယ်။ ပညာရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတည်ဆောက်ဖို့ဖြစ်ပါတယ်။ ကျောင်းလည်းမတက်၊ မိဘရဲ့ လုပ်ငန်းမှာလည်း အထောက်အပံ့မဖြစ်ရင်၊ အနိမ့်ဆုံး မိခင်ရဲ့မီးဖိုချောင်အလုပ်ကို ဝင်မကူဖြစ်ရင်၊ အိမ်ခန်းရှင်းဖို့ ဝင်ရောက်မကူကြရင်၊ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ငယ်စဉ်ဘဝကတည်းက လက်ကြောမတင်းရင် ၂၁ ရာစုမှာ ဝင်ဆံ့ဖို့ဆိုတာ ဝေးစွ၊ ၁၈ ရာစုမှာ ပြန်နေဖို့ ဖြစ်နေလိမ့်မယ်။

ကုန်းဘောင်ခေတ်ကို ပြန်ကြည့်ရင် စစ်ထွက်ကြရင်း ရောက်တဲ့အရပ်မှာ စိုက်ပျိုးမွေးမြူတဲ့ အတတ်ပညာနဲ့ စစ်ပွဲတွေအောင်မြင်ဖို့ ခက်ခက်ခဲခဲ အားထုတ်ခဲ့တဲ့သမိုင်း ရှိခဲ့ပါတယ်။ အဋ္ဌာရသ ၁၈ ရပ်ကို တတ်မြောက်ကြရတယ်။ ဒါတွေကို ဘုန်းကြီးကျောင်းပညာရေးနဲ့ ဆောင်ရွက်ခဲ့ကြရတယ်။ ၂၁ ရာစုခေတ်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပထဝီနိုင်ငံရေးတွေဟာ ရှုပ်ထွေးလွန်းလှတော့ အခြေခံပညာလောက်မှ မတတ်မြောက်တဲ့ လူထုဖြစ်နေရင် ဆင်းရဲဒုက္ခတွင်းဟာ နက်သထက်နက်၊ ပြန်တက်ဖို့ ခက်လိမ့်မယ်။

**ပြည်တွင်းမငြိမ်မသက်၊ အငြင်းပွားမှုတွေ၊ ဝရုန်းသုန်းကားနဲ့ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်နေလိမ့်မယ်။ ဒါကြောင့် ကလေးသူငယ်ကအစ မိဘတွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ ကဏ္ဍအသီးသီးမှာ တာဝန်ရှိသူတွေဟာ ကိုယ့်နိုင်ငံအနာဂတ်အတွက် ပညာရေးကို ပိုရင်းနှီးမြှုပ်နှံကြမှ၊ ကြီးမားတဲ့တာဝန်ကြီးတွေကို ထမ်းဆောင်နေကြရတယ်လို့ ခံယူပြီး သားသမီးအရေး၊ ကျောင်းတက်ဖို့အရေး၊ ပိုတွေးမှ တော်ကာကျလိမ့်မယ်။ ကလေးတွေရဲ့ အနာဂတ်အရေး မြော်တွေးပြီး ဝိုင်းဝန်းကူညီစောင့်ရှောက်ဖို့ဖြစ်ပါတယ်။ ဒီကြိုးစားမှုကြောင့် ဖြစ်ထွန်းလာမယ့် ကျောင်းနေအရွယ်ကလေးတွေ ရာနှုန်းပြည့်နီးပါး ကျောင်းနေပြီး စာဖတ်တတ်၊ ရေးတတ်၊ တွက်တတ်တဲ့ ကျောင်းသင်ပညာရေးဟာ ဗလငါးတန်အထိ ရှေးရှုနိုင်တာမို့ တန်ဖိုးကြီးလှပါတယ်။ ကျောင်းဟာ အနည်းဆုံး ဆိုးသွမ်းလူငယ်မဖြစ်ဘဲ စည်းကမ်းရှိတဲ့သူဖြစ်အောင် လုပ်ပေးတယ်။ ကျောင်းဟာ မဖွံ့ဖြိုးသေးတဲ့ဒေသ ဖွံ့ဖြိုးအောင်လုပ်ပေးနိုင်တယ်။ ဖွံ့ဖြိုးဖို့ဆိုရာမှာ စည်းကမ်းကောင်းမွန်ရေး၊ တရားဥပဒေလိုက်နာရေး၊ ဆိုးသွမ်းလူငယ်မဖြစ်ရေး၊ ဒုစရိုက်ကင်းတဲ့သူဖြစ်ရေး၊ သိပ္ပံနည်းကျတွေးခေါ်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေမီးပေါ်ကြွယ်ဝရေးအထိ အကျုံးဝင်ပါတယ်။**

ပညာဆိုတာ ရှေ့မှာရှိမယ့် ကောင်းကျိုး၊ ဆိုးကျိုးကိုမြင်နိုင်တယ်။ ထွင်းဖောက်မြင်နိုင်တယ်။ အသက်မွေးဝမ်းကျောင်းမှုတွေကို သူကိုယ်တိုင်ရှာဖွေနိုင်စွမ်းရှိလာတယ်။ မြင့်မားတဲ့ ကျွမ်းကျင်မှုတွေနဲ့ ကုန်ထုတ်လုပ်ငန်းတွေ၊ စိုက်ပျိုးရေးနယ်ပယ်တွေမှာ တိုးတက်လာနိုင်တယ်။ နိုင်ငံတစ်ခုကို ပိုလုံခြုံအောင် ပညာရေးက ဆောင်ကြဉ်းပေးနိုင်တယ်ဆိုတာ ဒါပါပဲ။

ကောင်းပါပြီ၊ ဒီဆောင်းပါးကို ဒီလို နိဂုံးချုပ်ချင်ပါတယ်။

ပညာရေးလောကသားအနေနဲ့ **"ပညာပေးကာလ"** ကုန်လွန်ပြီလို့ ယူဆပြီး ကျောင်းအပ်နှံရေး၊ ကျောင်းတက်ရေး၊ မတက်ရေး ထပ်မံမပြောလိုတော့ပြီ။ ကိုယ့်ဘဝ၊ မိသားစုဘဝ၊ နိုင်ငံရဲ့ဘဝကံကြမ္မာကို ကိုယ်တိုင်ကိုယ်ကျ ကောင်းအောင်တည်ဆောက်နိုင်ဖို့ပဲ တိုက်တွန်းချင်ပါတယ်။ ကျောင်းတက်မှု၊ ကျောင်းအပ်နှံမှုနည်းရင် စာသင်သူနည်းလိမ့်မယ်။ ဒီလိုဆိုရင်လည်း ဝမ်းမနည်းလေနဲ့၊ ဆရာ ဆရာမများက ပိုထိရောက်တဲ့ သင်ကြားမှုကို ကျောင်းတက်တဲ့ကလေးတွေ၊ ဆယ်ကျော်သက်တွေ ရသွားလိမ့်မယ်။ ငွေကြေးတတ်နိုင်သူတွေကလည်း ပုဂ္ဂလိကကျောင်းတွေမှာ အနည်းဆုံး KG + 9 တတ်မြောက်မှ လူလားမြောက်မယ်ဆိုတာ သိကြတာမို့ သူတို့သားသမီးတွေကို ကျောင်းကိုပို့လိုက်ကြလိမ့်မယ်။ ဒါကြောင့် ထပ်မံပြောရရင် တစ်နိုင်ငံလုံး အခြေခံကျောင်းပေါင်း လေးသောင်းကျော်မှာ ကျောင်းအပ်နှံဖို့၊ ကျောင်းတက်ဖို့၊ ကျောင်းထွက်နှုန်း နည်းဖို့ကိစ္စမှာ ပညာရေးလောကသား တာဝန်ရှိသူတွေက အကောင်းဆုံး၊ အတတ်နိုင်ဆုံး ပြင်ဆင်ပေးထားပြီး ပံ့ပိုးမှုတွေဟာလည်း ပြောမဆုံးနိုင်ဖြစ်ပါတယ်။

ကိုယ်တိုင်တွေး၊ ကိုယ်တိုင်ဆုံးဖြတ်၊ ကိုယ်တိုင်လုပ်ကြရန်သာ ကျန်ပါတော့သတည်း။ ။

# ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၆**

ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုဘဏ္ဍာနှစ်တွင် တင်သွင်းရန်ကျန်ရှိသော မြေသြဇာနှင့် ပိုးသတ်ဆေးတန်ချိန်များကို ဆက်လက် စိစစ်ထောက်ခံပေးသွားမည်ဖြစ်ကြောင်း၊ ယခုမိုးစပါးရာသီအတွက် သွင်းအားစုလိုအပ်ချက်များ လုံလောက်ရေးအတွက် လိုင်စင်ရရှိပြီးသောကုမ္ပဏီများ အမြန်တင်သွင်းရန် လိုအပ်ကြောင်း၊ သတ်မှတ်တန်ချိန်အမီ မတင်သွင်းနိုင်သည့်ကုမ္ပဏီများကို အရေးယူနိုင်ရေး ယခုအစည်းအဝေးတွင်ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း၊ ရည်ညွှန်းဈေးနှုန်း ထုတ်ပြန်ပေးမှုအနေဖြင့် သတ်မှတ်ကာလပြည့်ပြီဖြစ်၍ ထပ်မံသတ်မှတ်ပေးရမည်ဖြစ်ကြောင်း၊ ယခုလက်ရှိနိုင်ငံတကာတွင်ဖြစ်ပွားနေသည့် အခြေအနေများကြောင့် မြေသြဇာဈေးနှုန်းများ မြင့်တက်နေပြီး ပြည်တွင်းသုံးစွဲသူ တောင်သူများအတွက် သင့်တင့်မျှတသော ဈေးနှုန်းဖြစ်စေရေး စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်၍ ယခုအစည်းအဝေးတွင် မြေသြဇာအသင်းကတင်ပြသော ရည်ညွှန်းဈေးနှုန်းများအပေါ် ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှုနှင့် ၂၀၂၅ ခုနှစ် မေနှင့် ဇွန်တွင် ကုမ္ပဏီအလိုက် ထောက်ခံပေးထားသည့် မြေသြဇာနှင့် ပိုးသတ်ဆေးတန်ချိန်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက မြေသြဇာနှင့် ပိုးသတ်ဆေးများ၏ နိုင်ငံတကာဈေးနှုန်းများ၊ ဝယ်ယူဖြန့်ဖြူးရောင်းချအသုံးပြုမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာ ဂီမီရေးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာ ဂီမီရေး အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မန္တလေးလျှောင်ကြီး လှုပ်ခတ်ပြီးနောက် သက်ရောက်မှုရှိခဲ့သည့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

**အမြင်ချင်းဖလှယ်**

ထို့ပြင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုခိုင်မာစေရန် အတူတကွဆက်လက်လုပ်ဆောင်သွားကြရန် သဘောတူညီခဲ့ကြသည်။

သတင်းစဉ်

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# ကျိုင်းတုံမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**ကျိုင်းတုံ ဇွန် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ကျိုင်းတုံမြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်က အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထံမှပေးပို့သော သဝဏ်လွှာအား ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ) ရဲမှူးကြီး မောင်မောင်အေးက ဖတ်ကြားကာ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှပေးပို့သည့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်း Video Clip ကို ပြသသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက မူးယစ်ဆေးဝါး အန္တရာယ်ဆိုင်ရာပြခန်းများကို ကြည့်ရှုအားပေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



# မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) ဥက္ကဋ္ဌ၊ အိမ်ခြံမြေကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန် - အမေရိကန် အသင်းအဖွဲ့များ MoU လက်မှတ်ရေးထိုး

**ရန်ကုန် ဇွန် ၂၆**

ဂျပန်နိုင်ငံ တိုကျိုမြို့ NIHON UNIVERSITY ၌ ဇွန် ၂၆ ရက်တွင်ကျင်းပမည့် 2025 JARECO ညီလာခံ တက်ရောက်ရန် JARECO ၏ ဖိတ်ကြားမှုဖြင့် မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးဆောင်၍ အဖွဲ့ဝင်များဖြစ်သည့် ဒုတိယဥက္ကဋ္ဌ ဒေါ်မိုးမိုးထွန်း၊ ဦးတင့်ဆွေ၊ ဒေါ်သက်သက်ခိုင်နှင့် ဒေါ်မြတ်မိုမို (YRESA)ဥက္ကဋ္ဌ တို့သည် ဇွန် ၂၄ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ထွက်ခွာသွားသည်။




အဆိုပါအိမ်ခြံမြေကိုယ်စားလှယ်အဖွဲ့သည် ညီလာခံတက်ရောက်စဉ် ဇွန် ၂၆ ရက်က အမေရိကန်ပြည်ထောင်စု National Association of Realtors (NAR) အသင်း၏ President Mr Kevin Sears နှင့် (MRESA) အသင်း၏ President Mr. Khin Maung Thanတို့ BilateralPartnership Agreement Sign ကို နှစ်ဖက်ဥက္ကဋ္ဌများက အောင်မြင်စွာ လက်မှတ်ထိုးခဲ့ကြသည်။

ထိုသို့နှစ်ဖက်ဥက္ကဋ္ဌများ အောင်မြင်စွာ စာချုပ်ချုပ်ဆိုလိုက်သည့်အတွက်ကြောင့် American Global Association မှ MRESA အသင်းအား International စံချိန်စံညွှန်းမီကြောင်း အသိမှတ်ပြုလိုက်ခြင်းဖြစ်သည်။

ထို့အပြင် ဂျပန်နိုင်ငံမှ JARECO, Japan – American Real Estate Coalition Organization၊ Long Island Board Of Realtors အသင်းတို့မှ BOD Mr Yoshi Takita၊ ဥက္ကဋ္ဌ Professor MASAYUKI NAKAGAWA တို့နှင့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ ဒေါ်မြတ်မိုမို (YRESA)ဥက္ကဋ္ဌနှင့် MoU လက်မှတ်ရေးထိုးခြင်းကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **အာကာလင်း**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ ပထမအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၆

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ ပထမအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ်-၁၄ ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနမှ အရာထမ်း အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အထိမ်းအမှတ်ကျွန်းပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက အထိမ်းအမှတ် သစ်ပင်များကို သတ်မှတ်နေရာများတွင် ဆက်လက်စိုက်ပျိုးပေးသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများက ပျိုးပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။ ယခုသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ ပိတောက်နက် စသည့် တန်ဖိုးရှိ သစ်မျိုးများအပါအဝင် စုစုပေါင်းသစ်မျိုး ၂၀ မျိုးဖြင့် ပျိုးပင် ၁၅၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးကြသည်။

သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းပြုစုရေး လုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်လာစေရေးအတွက် မိုးရာသီအကြိုနှင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိရာ ယခုနှစ်တွင်လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲ ၁၉၄ ကြိမ် သစ်ပင်ပေါင်း ၁၆၀၇၃၂ ပင် စိုက်ပျိုးခဲ့ပြီး မိုးကာလအတွင်း သစ်ပင်စိုက်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ် မိုးရာသီအတွင်း သစ်ပင်စုစုပေါင်း ၂၂ သန်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။





ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံကြား ပူးပေါင်းဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေး ကိစ္စရပ်များနှင့် သတ္တုရေးရာကဏ္ဍ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၊ အာရှဘောလုံးအဖွဲ့ချုပ် AFC Women’s Asian Cup Australia 2026 Qualifiers ပြိုင်ပွဲနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၂၆**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌအားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အထက(၁) လသာကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကာ အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ်ရှိ စလင်းအားကစားကွင်း အားကစားရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားကာ ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည့် အာရှဘောလုံးအဖွဲ့ချုပ် AFC Women’s Asian Cup Australia 2026 Qualifiers ပြိုင်ပွဲနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ပြိုင်ပွဲကျင်းပနိုင်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်မှုဆိုင်ရာနှင့် လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မီးခိုးမြူငွေ့နှင့် Fire Hotspot ဖြစ်ပေါ်မှု လျှော့ချနိုင်ရေး နည်းလမ်းများ အသိပညာပေးဟောပြောပွဲပြုလုပ်

**မော်လမြိုင် ဇွန် ၂၆**

မီးခိုးမြူငွေ့နှင့် Fire Hotspot ဖြစ်ပေါ်မှု လျှော့ချနိုင်ရေး နည်းလမ်းများ အသိပညာပေး ဟောပြောပွဲကို သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မော်လမြိုင်)၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူရလှိုင်က မွန်ပြည်နယ်အတွင်း Fire Hotspot အရေအတွက်များပြားနေခြင်းကို လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်း အဖွဲ့နှင့် Fire Hotspot များအား ရှာဖွေဖော်ထုတ်နိုင်ရေး ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ မီးခိုးမြူငွေ့နှင့် Fire Hotspot ဖြစ်ပေါ်မှုလျှော့ချနိုင်ရေး နည်းလမ်းများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။ အဆိုပါဟောပြောပွဲသို့ မွန်ပြည်နယ် သမဝါယမဦးစီးဌာနနှင့် သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်း (မော်လမြိုင်) မှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# မင်္ဂလာဒုံမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၂၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် မင်္ဂလာဒုံမြို့နယ်၌ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသော ဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေး ကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီး ဌာနမှူး ဦးညီညီထွန်း ဦးဆောင်၍ ဒုတိယဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းပြီး မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသော ဆိုင်များတွင် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ” ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းသိန်းထွန်း**



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၆

**မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ပတ္တမြားစေတီနှင့် မဟာစေတီလှစေတီတို့အား အဖွဲ့အစည်းအသီးသီးနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီးနောက် အသစ်တစ်ဖန် ပြန်လည် တည်ထားကိုးကွယ်မည့် မြေနေရာအား ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများနှင့် မူလမဟာစေတီမှရရှိသော ဌာပနာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာပနာများအား စနစ်တကျ ထိန်းသိမ်းထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်ပြီး စစ်ကိုင်းမြို့အတွင်းရှိ တောင်ဖီလာလေးကျွန်းဆီမီး စေတီတော်မြတ်ကြီး၊ ဇလိတာရာမကျောင်းတိုက်၊ နဝလောဟာကျောင်းတိုက်နှင့် တောလေးထပ် ကျောင်းတိုက်များ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ် ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှု အခြေအနေများ၊ စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လူနေအဆောက်အအုံများ၊ လမ်းဘေးဝဲ/ယာများရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် အပြိုအပျက်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ်ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေး ဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ဇလိတာရာမကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် စစ်ကိုင်းမြို့အတွင်းရှိ ရဟန်း၊သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေသန့်စက်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကို သန့်စင်ပြီး သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဖြူးပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အောက်နန်းရိပ်သာ အရှေ့ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှင်းလင်းရန် ကျန်ရှိနေသည့် “ A ” ဆောင်အား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကို လည်းကောင်း၊ ဖယ်ရှားရှင်းလင်းရာမှ ရှာဖွေတွေ့ရှိသော ပစ္စည်းများအား ပစ္စည်းလက်ခံရှာဖွေ စုဆောင်းရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှုနှင့် ထိန်းသိမ်းထားရှိမှု၊ သက်ဆိုင်ရာပိုင်ရှင်များ လက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင် အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ချမ်းအေးသာစံမြို့နယ် အလယ်ရပ်ကွက်နှင့် အောက်နန်းရိပ်သာ အရှေ့ရပ်ကွက်များသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇွန် ၂၆**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ “မြန်မာနိုင်ငံဂီတနေ့” အထိမ်းအမှတ် ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို ဇွန် ၂၇ ရက် (သောကြာနေ့) ည ၉ နာရီခန့်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါ တေးဂီတဖျော်ဖြေပွဲကို Northern Star’s Band မှ စုဖွဲ့စီစဉ်ထားသည့် တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များ ဖြစ်ကြသည့် ဂျက်မြသောင်း၊ ရဲထိုက်၊ သဟာအောင်၊ မင်းစည်သူ၊ JB ၊ နွဲ့ယဉ်ဝင်း၊ L ဆိုင်းဇီ ၊ မေလသံစဉ်၊ နိုနို၊ မိုးသူနှင့် နှင်းနှင်းအောင်တို့က တေးသီချင်းကောင်းများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဂီတနေ့အထိမ်းအမှတ် ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို MRTV–HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်၍ တစ်ချိန်တည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဇွန် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်များ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပ

**ဝန်းသို**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (ဝန်းသို) ၌ ယနေ့နံနက်က ကျင်းပသည်။



အခမ်းအနားတွင် ကောလင်းခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူကျော်က အမှာစကားပြောကြားသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် (ထက်၊ လယ်၊ မူ) စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူ ၂၄ ဦးအား တာဝန်ရှိ သူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများကို ပေးအပ်ချီးမြှင့်သည်။

**ခရိုင်(ပြန်/ဆက်)**

**ကျေးသီး**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်တွင် (၃၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျေးသီးမြို့ အ.ထ.က ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နောင်ဖြိုးက အမှာစကား ပြောကြားပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ဦးမှ မူးယစ်ဆေးဝါး ဆိုးကျိုးများအကြောင်း ဟောပြောသည်။

ယင်းနောက် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသူများအား နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး မောင်ဇော်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြသည်။ **စိုးငင်း(ပြန်/ဆက်)**

# အမေရိကန်-အီရန် နျူကလီးယားဆွေးနွေးပွဲ လာမည့်သီတင်းပတ်တွင် ဖြစ်နိုင်ဟု ထရမ့်ပြော




**ဝါရှင်တန် ဇွန် ၂၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်၏ နျူကလီးယားအစီအစဉ်ကို ဆွေးနွေးရန်အတွက် လာမည့်သီတင်းပတ်တွင် အီရန်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဟု ပြောကြားသည်။

ဇွန် ၂၂ ရက်တွင် အီရန်နိုင်ငံရှိ နျူကလီးယား အဆောက်အအုံသုံးခုကို အမေရိကန်က တိုက်ခိုက်ပြီးနောက် ယခုလို နှစ်နိုင်ငံကြား ဆွေးနွေးမည့် အစီအစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

အီရန်နျူကလီးယား အဆောက်အအုံများအပေါ် အမေရိကန်၏ တိုက်ခိုက်မှုက အီရန်၏ နျူကလီးယားလက်နက် ဖွံ့ဖြိုးတိုးတက်မှုများကို နှစ်ပေါင်းများစွာကြာသည့်တိုင် နောက်ဆုတ်သွားစေခဲ့သည်ဟု အမေရိကန်သမ္မတ ထရမ့်ကတော့ အခိုင်အမာပြောသည်။

အီရန်ကို တိုက်ခိုက်ပြီးမကြာမီတွင် အမေရိကန်သမ္မတထရမ့်က အပစ်အခတ်ရပ်စဲရေးကြိုးပမ်းမှုများကို စတင်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အပစ်အခတ်ရပ်စဲရေးကြား အစ္စရေးနှင့် အီရန်ပြည်သူများ နေ့စဉ်ဘဝပြန်လည်ထူထောင်ရန်ကြိုးစား

**တဲအဗစ် ဇွန် ၂၆**

နှစ်နိုင်ငံပြည်သူများ နေ့စဉ်လူမှုဘဝ ပြန်လည်ထူထောင်ရန် ကြိုးစားနေချိန်တွင် အစ္စရေးနှင့် အီရန်နိုင်ငံတို့တွင် ဇွန် ၂၆ ရက်က တိုက်ခိုက်မှု တစ်စုံတစ်ရာမရှိခဲ့ကြောင်း သိရသည်။

အစ္စရေး၏ အကြီးဆုံး စီးပွားရေးမြို့တော် တဲအဗစ်၏ မြို့လယ်တွင် ဆံသဆရာများက ဒုံးကျည်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ၎င်းတို့ဆိုင်ခန်းများကို သန့်ရှင်းရေးများလုပ်ဆောင်လျက်ရှိသည်။ ပြည်သူ ၂၅၀၀ ခန့် ယာယီတဲများဖြင့် နေထိုင်လျက်ရှိသည်ဟု ဒေသတာဝန်ရှိသူများက ပြောသည်။




အီရန်အရှေ့ပိုင်းရှိ လေဆိပ် စုစုပေါင်း ၁၃ ခု၌ ပြည်တွင်းနှင့် နိုင်ငံတကာခရီးစဉ်များကို တဖြည်းဖြည်း ပြန်လည်စတင်နေပြီဖြစ်သည်။

အစ္စရေးနှင့်အီရန်ကြား တိုက်ပွဲများ ရပ်တန့်သွားပြီဖြစ်သော်လည်း အစ္စရေးသည် ဂါဇာကမ်းမြောင်ဒေသရှိ အစ္စလာမ္မစ်အုပ်စု ဟားမားစ်တို့ကို ဆက်လက်တိုက်ခိုက်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာမှစတင်သည့် တိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၅၆၁၅၆ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဇင်ဘာဘွေနိုင်ငံ၏ စီးပွားရေး ယခုနှစ် ပထမသုံးလတွင် ၄ ဒသမ ၅ ရာခိုင်နှုန်းတိုးလာ

**လူဆာကာ ဇွန် ၂၆**

၂၀၂၅ ခုနှစ် ပထမသုံးလတွင် ဇင်ဘာဘွေနိုင်ငံ၏ ဂျီဒီပီသည် ၄ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ အဆိုပါပမာဏမှာ ပြီးခဲ့သည့်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးလာကြောင်း နိုင်ငံ၏ စာရင်းအင်းအေဂျင်စီက ဇွန် ၂၆ ရက်တွင် ပြောကြားသည်။

စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်း၊ သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ နေရာထိုင်ခင်းနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများတွင် အားကောင်းသည့်ဆောင်ရွက်ချက်များကြောင့် ယင်းသို့ စီးပွားရေးတိုးတက်လာခြင်းဖြစ်ကြောင်း ဇင်ဘာဘွေစာရင်းအင်းအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်းကဏ္ဍတွင် ၇၄ ဒသမ ၄ ရာခိုင်နှုန်းဖြင့် စီးပွားရေးတိုးတက်မှုအမြင့်ဆုံးဖြစ်ပြီး ယင်းနောက်တွင် နေရာထိုင်ခင်းနှင့် အစားအသောက်လုပ်ငန်းတွင် ၂၇ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း ခေတ္တအထွေထွေစာရင်းအင်းပညာရှင် ရှီလာမူဒန်ဒါက ပြောကြားသည်။

**ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ၌ မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့် မတော်တဆမှုများကြောင့် လေးဦးထက်မနည်း သေဆုံး

**အစ္စလာမ္မာဘတ် ဇွန် ၂၆**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ တစ်ရက်အတွင်း မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့်မတော်တဆထိခိုက်မှုများကြောင့်လေးဦးထက်မနည်းသေဆုံးကြောင်း ပြည်နယ်ဘေးအန္တရာယ် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ဇွန် ၂၆ ရက်တွင် ပြောကြားသည်။

အစိုးရမူဝါဒနှင့်အညီ ထိခိုက်ခံစားရသည့် မိသားစုဝင်များအတွက် ငွေကြေးအကူအညီများပေးရန်နှင့် ဒေသခံများ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က တိုက်တွန်းထားသည်။ ပါကစ္စတန် မိုးလေဝသဌာနက ဇူလိုင် ၁ ရက်အထိ နိုင်ငံတစ်ဝန်း မုတ်သုံမိုး ဆက်လက်ရွာသွန်းမည်ဟု ခန့်မှန်းထားသည်။ **ဆင်ဟွာ**

# အီရန်နိုင်ငံအရှေ့ပိုင်းရှိ လေဆိပ်များ ပြန်လည်ဖွင့်လှစ်

**တီဟီရန် ဇွန် ၂၆**

အီရန်နိုင်ငံ အရှေ့ပိုင်းရှိ လေဆိပ်များကို ပြည်တွင်းနှင့် ပြည်ပ လေကြောင်းလိုင်းများ အတွက် ပြန်လည်ဖွင့်လှစ်ကြောင်း ဇွန် ၂၅ ရက် နှောင်းပိုင်းတွင် ကြေညာခဲ့သည်။




နိုင်ငံ၏ လက်ရှိအခြေအနေအရ အီရန်မြို့ပြ လေကြောင်းအဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် လုံခြုံရေးနှင့် ဘေးကင်းရေးဆိုင်ရာအစီအမံများ ဆောင်ရွက်ပြီးနောက် အထက်ပါဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း လမ်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၏ ဝဘ်ဆိုက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထိုသို့ နိုင်ငံအရှေ့ပိုင်းရှိလေဆိပ် ပြန်ဖွင့်ပေးခြင်းသည် ပဋိပက္ခဖြစ်ပွားမှုများမတိုင်မီကာလက အခြေအနေသို့ တဖြည်းဖြည်းချင်း ပြန်ရောက်အောင် ရည်ရွယ်ထားသည်ဟု ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ မက်ဂျစ် အက်ခ်ဟာဗန်က ပြောကြားခဲ့သည်။

အီရန်နိုင်ငံ အရှေ့ပိုင်းရှိ လေဆိပ်များသို့သာ လေယာဉ်ခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ခြင်းဖြစ်ကြောင်း ၎င်းက မှတ်ချက်ချပြောဆိုခဲ့သည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ၌ အလုပ်နှင့်ပတ်သက်သည့် စိတ်ရောဂါဖြစ်ပွားမှု ၂၀၂၄ ခုနှစ်အတွင်း စံချိန်တင်ခဲ့

**တိုကျို ဇွန် ၂၆**

ဂျပန်နိုင်ငံ၌ အလုပ်နှင့်ဆက်စပ်၍ ဖြစ်ပေါ်လာသည့် စိတ်ပိုင်းဆိုင်ရာမကျန်းမာမှုမှာ ၂၀၂၄ ခုနှစ်အတွင်း ၁၀၅၅ ခု ရှိခဲ့ပြီး စိတ်ပိုင်းဆိုင်ရာမကျန်းမာမှုခံစားရသူဦးရေ ပထမဆုံးအကြိမ်အဖြစ် ၁၀၀၀ ကျော်လာခြင်းဖြစ်သည်ဟု အစိုးရအချက်အလက်များအရ သိရသည်။

**စိတ်ပိုင်းဆိုင်ရာမကျန်းမာမှုခံစားရသူ စံချိန်တင်မြင့်မား**

အလုပ်နှင့်ဆက်စပ်၍ စိတ်ပိုင်းဆိုင်ရာ မကျန်းမာမှုခံစားရသူဦးရေမှာ ခြောက်နှစ်ဆက်တိုက် စံချိန်တင်မြင့်မားလာခြင်းဖြစ်သည်။ အလုပ်တာဝန်များနှင့် အလုပ်ဝန်အားများ သိသာထင်ရှားစွာပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာရသည့် စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှု ၁၁၉ ခုရှိပြီး ဖောက်သည်များက အလုပ်သမားများအပေါ် ရုပ်ပိုင်းဆိုင်ရာနှင့်သာမက နှုတ်ဖြင့် အကြမ်းဖက်ခြင်းကြောင့် ဖြစ်ပေါ်လာရသည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု ၁၀၈ ခုရှိကြောင်း ကျန်းမာရေး အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ဇွန် ၂၅ ရက် ထုတ်ပြန်ချက်အရ သိရသည်။

**လျော်ကြေးလျှောက်ထားနိုင်ခွင့် ၂၀၂၃ ဘဏ္ဍာနှစ်မှစတင်၍ အကျုံးဝင်**

ဖောက်သည်များ၏ အမျိုးမျိုးသော နှောင့်ယှက်မှုကြောင့် စိတ်ဖိစီးမှုဖြစ်ပေါ်ရသည့် အလုပ်သမားများအတွက် လျော်ကြေးလျှောက်ထားနိုင်ခွင့်ကို ၂၀၂၃ ဘဏ္ဍာနှစ်မှစတင်၍ အကျုံးဝင်ကြောင်း စာရင်းထည့်သွင်းခဲ့သည်။ စိတ်ပိုင်းဆိုင်ရာမကျန်းမာမှုကြောင့် အလုပ်သမားလျော်ကြေးပေးရန် လျှောက်ထားမှုအရေအတွက်သည် မတ်လတွင်ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွင်း ၃၇၈၀ ရှိပြီး ယမန်နှစ်ကထက် ၂၀၅ ခုတိုးလာကြောင်း ကျန်းမာရေးအလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားများ ကျင်းပ

**နေပြည်တော် ဇွန် ၂၆**

(၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာအား ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရက ဖတ်ကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုကလစ် ဖွင့်လှစ်ပြသမှုကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများ၊ အရပ်ဘက်လူမှုကူညီရေးအသင်းအဖွဲ့များက ခန်းမအတွင်း ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် လှုပ်ရှားမှုဓာတ်ပုံပြခန်းကို ကြည့်ရှုအားပေးကြသည်။



အလားတူ ၂၀၂၅ ခုနှစ် (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား ကျောင်းသူနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ) ရဲမှူးကြီး မောင်မောင်အေးက ဖတ်ကြားသည်။ ထို့နောက် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ပေးပို့သည့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်း Video Clip ပြသသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် မူးယစ်ဆေးဝါး အန္တရာယ်ပညာပေးပြခန်းများကို လေ့လာကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**ကလေး ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကလေးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ ကလေးခရိုင် စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့်က အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာအား ကလေးခရိုင် ရဲတပ်ဖွဲ့ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဝင်းနိုင်က ဖတ်ကြားသည်။



ဆက်လက်၍ ကလေးခရိုင်အတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့အား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများကို ကလေးခရိုင် စီမံအုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ခရိုင်(ပြန်/ဆက်)



## မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး သွင်းအားစု ဓာတ်မြေသြဇာများ ဈေးနှုန်းချိုသာစွာ ရောင်းချ

**မိုးညှင်း ဇွန် ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ မြို့နယ်သမဝါယမဦးစီးဌာနမှ ယခု မိုးစပါး စိုက်ပျိုးကာလအတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ နှင့် အထက်ရရှိနိုင်ရေးအတွက် ယနေ့နံနက် ၁၀ နာရီက သွင်းအားစု ဓာတ်မြေသြဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုသို့ သွင်းအားစုဓာတ်မြေသြဇာများ ဖြန့်ဖြူးရောင်းချပေးရာ၌ မြို့နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်မိုးလွင်က တောင်သူများနှင့်တွေ့ဆုံကာ ဓာတ်မြေသြဇာ မိုးစပါးမျိုး၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများကို ဓာတ်မြေသြဇာ အရောင်းဆိုင်များတွင် လက်ငင်းငွေပေးချေစရာမလိုဘဲ သီးနှံပေါ်ချိန်မှသာ ငွေပေးချေစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

မိုးညှင်းမြို့နယ်၌ တောင်သူစိုက်ဧကပေါင်း ဧက ၂၁၃၀ နှင့် တောင်သူ ၇၇၄ ဦးအတွက် မြို့နယ်သမဝါယမဦးစီးဌာနမှ တစ်ဖက်တစ်လမ်းဖြင့် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ တောင်သူလယ်သမားများလိုအပ်သော သွင်းအားစုဓာတ်မြေသြဇာများကို သီးနှံပေါ်ပေးစနစ်ဖြင့် ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **ရွှေမိုးညှင်း**

## တိုက်ကြီးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် ဇီဝဆိုင်ရာအချက်အလက်များ ကွင်းဆင်းကောက်ယူ

**တိုက်ကြီး ဇွန် ၂၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ အသက် ၁၈ နှစ်ပြည့်မည့်သူများနှင့် အသက် ၁၈ နှစ်ပြည့်ပြီး ကိုင်ဆောင်လက်မှတ်မရှိသေးသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် UID ကောက်ယူပေးခြင်းလုပ်ငန်းကို ပန်းခင်းစီမံချက် အဆင့် (၃)ဖြင့် ယနေ့နံနက်ပိုင်းက ဇောဓိကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆွေဦးဆောင်၍ လဝကမှူး ဦးဇော်ဝင်းမောင်နှင့် ဝန်ထမ်းများက ဇောဓိကုန်းရပ်ကွက်အတွင်းရှိ ပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူ၍ UID ဆောင်ရွက်ပေးခြင်းကို နေ့ချင်းပြီးဆောင်ရွက်ပေးသည်။



အဆိုပါ ပန်းခင်းစီမံချက် အဆင့် (၃)ဖြင့် ဆောင်ရွက်နေမှုအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးသူအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ မြို့နယ်ဦးစီးမှူး ဦးဝင်းဆွေတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

## ယနေ့မိုးလေဝသ (၂၇-၆-၂၀၂၅)

**နေပြည်တော်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မူးယစ်ဆန့်ကျင် အောင်ပွဲဝင်၊ ရှောင်လေဝေးဝေး မူးယစ်ဆေး။

# မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် သီးကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ်နှစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူသုံးဦးသေဆုံးကာ သုံးဦးဗုံးစထိမှန်ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၂၆**

PDF အမည်ခံ အကြမ်းဖက်သမားများသည် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အကြောက်တရားများလွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်/ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများနှင့် အများပြည်သူ သွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ မိုင်းထောင်ထားခြင်း၊ ဖောက်ခွဲခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၂၅ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် သီးကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက အများပြည်သူ ထိခိုက်စေရန်ရည်ရွယ်၍ လက်နက်ကြီးဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီး ဗုံးသီးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါကျေးရွာနေသူများ ဖြစ်ကြသည့် ဦးမျိုးညွန့် (၅၇)နှစ်၊ ဒေါ်မြင့်မြင့်ဝင်း (၅၅) နှစ်၊ မဂျူးကေသာ (၈) နှစ်တို့ သုံးဦး သေဆုံးခဲ့ပြီး ကိုလှိုင်မျိုးကျော်(၂၃)နှစ်၊ ဒေါ်မာမာ(၃၄)နှစ်နှင့် မောင်ဖုန်းထက်မြတ်(၁)နှစ်တို့တွင် ဗုံးစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် သီးကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ်နှစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူသုံးဦးသေဆုံးကာ သုံးဦးထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။



ကိုလှိုင်မျိုးကျော်(ဒဏ်ရာရ)



ဒေါ်မာမာ(ဒဏ်ရာရ)



မောင်ဖုန်းထက်မြတ်(ဒဏ်ရာရ)

အထက်ပါဖြစ်စဉ်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ခတ်လိုက်သည့် လက်နက်ကြီး ဗုံးသီး ကျရောက်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးကာ လိုအပ်ချက်များအပေါ် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော ရပ်ကွက်/ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာပြုလုပ်ခဲ့မှုများကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံး၊ ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

ငှင်းဆိုင်ကယ် ခွကြားအတွင်း ဆာလာအိတ်ဖြင့် ထုပ်ပိုးသိုဝှက်၍ သယ်ဆောင်လာသည့် အရှည် ၃၂ လက်မခန့်ရှိ လွယ်ကြိုးပါ ကော်သေနတ် အရှည်(အတု) တစ်လက်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် သေနတ်အတု မှတ်တမ်းဓာတ်ပုံ။

အဆိုပါ ဖမ်းဆီးရမိ တရားခံ ညီညီထွန်း(ခ) စီစီ၏ ထွက်ဆိုချက်အရ ၎င်းသည် ဇွန် ၂၀ ရက် ညပိုင်းတွင် ဆားလင်းကြီးမြို့နယ် ကျောက်မျက်ကျေးရွာနေ စိုးမိုးအောင်(ခ) ဖိုးကျော် (၂၅)နှစ် ဘ) ဦးသန်းအောင်ကျော်၊ ဟာနစ်တို့နှင့်အတူ မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်တွင် အမျိုးသားတစ်ဦးထံမှ HONDA CLICK ဆိုင်ကယ်တစ်စီးကို သေနတ်ပြ ခြိမ်းခြောက်ကာ လုယက်ယူဆောင်ပြီး ချမ်းမြသာစည်မြို့နယ်ရှိ အပေါင်ဆိုင်တစ်ဆိုင်၌ ပေါင်နှံ၍ ၎င်းတို့သုံးဦး ခွဲဝေသုံးစွဲခဲ့ကြောင်း၊ စိုးမိုးအောင်(ခ)ဖိုးကျော်မှာ မဟာအောင်မြေမြို့နယ် စကြာနွယ်စဉ်ရပ်ကွက် ၃၇ လမ်း၊ ၇၃x၇၅ လမ်းကြားရှိ "Dream37" တည်းခိုခန်း၌ တည်းခိုနေထိုင်ကြောင်း ထပ်မံဖော်ထုတ်သိရှိရသဖြင့် စိုးမိုးအောင်(ခ) ဖိုးကျော်အား အဆိုပါ တည်းခိုခန်းရှိ အခန်းအမှတ် (၆၀၄၀)အတွင်းမှ အရိုး/ အသွား ၁၃ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း၊ ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ထို့အတူ လုယက် ယူဆောင်ခြင်းခံရသည့် ဆိုင်ကယ်အား ချမ်းမြသာစည်မြို့နယ်ရှိ အပေါင်ဆိုင်မှ ပြန်လည်သိမ်းဆည်းရရှိခဲ့သည်။

ဖြစ်စဉ်တွင် သေနတ်အတုပြ၍ ခြိမ်းခြောက်ကာ လုယက်မှုကျူးလွန်သူ သုံးဦးအနက် ညီညီထွန်း(ခ) စီစီနှင့် စိုးမိုးအောင်(ခ) ဖိုးကျော်တို့နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံ ဟာနစ် အား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေးနှင့် ဖမ်းဆီးရမိတရားခံများအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အိမ်မဲမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်

**အိမ်မဲ ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ရေသိုးညောင်ဝိုင်းကျေးရွာအုပ်စု ကွင်းအမှတ်(၄၄)၊ ဦးပိုင်အမှတ်(၂)ရှိ တောင်သူဦးအောင်မောင်း၏ လယ်မြေ ၃ ဧကတွင် မျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်သွင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဝင်များက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးမြင့်အောင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများဆောင်ရွက်သော မျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့် မိုးစပါး (ဆာဖိုးသာ)စပါးမျိုးစိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အိမ်မဲ(ပြန်/ဆက်)**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့ ၏ လက်ဝေခံဖွဲ့အစည်း များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန် ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thar Phyo Hein" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၄) ရပ်ကွက်နေ သာဖြိုးဟိန်းအား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ "May July" Facebook အကောင့်နှင့် "May Thu Kyawt Min" Telegram အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အမှတ်(၇)ရပ်ကွက်နေ မေသူကျော့မင်း(ခ)မေကျော့အား ညနေ ၄ နာရီခွဲ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အင်တာမီလန်အသင်းသည် ပြိုင်ဘက်ရေဗားပလိတ်အသင်း၏ တုံ့ပြန် ကစားပုံကောင်းမွန်မှုကြောင့် မိနစ် ၇၀ ကျော်အထိ သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့သည်။ ရေဗားပလိတ် အသင်းကစားသမားများဖြစ်သည့် မာတီနက်ဇ်ကာတာနှင့် မွန်တီရယ်တို့ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ အင်တာမီလန်အသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်ပွဲစဉ်တွင် ဘရာဇီးကလပ် ဖလူမီးနိစ်အသင်းနှင့် လာမည့် ဇူလိုင် ၁ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်မှ အခြားပွဲစဉ်ရလဒ်များတွင် မွန်တာရေးက အူယာဝါအသင်းကို လေးဂိုး-ဂိုးမရှိ၊ ဒေါ့မွန်က အူလ်ဆန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး မာမယ်လိုဒီနှင့် ဖလူမီးနိစ်အသင်းပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့သည်။

**အောင်ဇော်**

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲများ ကျင်းပ

**ရန်ကုန်**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် “ယနေ့လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ” အခမ်းအနားကို ဇွန် ၂၅ ရက်က ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အထက(၄) အလုံသီရိရတနာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာကော်မတီ အထောက်အကူပြုလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြသီတာဆွေတင်က အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများအကြောင်းနှင့် လူငယ်များ သိရှိနားလည်သတိထားရှောင်ရှားနိုင်ရန်များကို အမှတ်(၄၂) မူးယစ်တပ်ဖွဲ့စု(ရန်ကုန်အနောက်ပိုင်းခရိုင်) ဒုတိယတပ်ဖွဲ့စုမှူး ဒုတိယ ရဲမှူးမြတ်ဖုန်းက လည်းကောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရန်အတွက် မိမိကိုယ်တွေ့ဖြစ်ရပ်များနှင့်ယှဉ်ကာ ယနေ့လူငယ်များ သင်ခန်းစာယူနိုင်ရန် လေးထပ်ကွမ်း အကယ်ဒမီ ဒါရိုက်တာဝိုင်းက လည်းကောင်း အသိပညာပေး ဟောပြောသည်။

ထို့နောက် ယနေ့လူငယ်များ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကိုင်တွယ်ဖြေရှင်းနိုင်ရန် ခွန်အားတစ်ရပ်ဖြစ်စေမည့် Motivation Talk အား မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့် အန္တရာယ်များ အသိပညာပေးကော်မတီ အတွင်းရေးမှူး ဦးနိုင်လင်းခန့်က အသိပညာပေးဟောပြောသည်။



ယင်းနောက် အသိပညာပေးဟောပြောကြသည့် ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**ဘားအံ**

ကရင်ပြည်နယ် ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကရင်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး (MANA) အသင်းတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့က ဘားအံခရိုင် လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပြီးနောက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၃၀ တို့က “မူးယစ်ကင်းစင် အလှဆင်” ခေါင်းစဉ်ဖြင့် စာစီစာကုံး ပါဝင်ယှဉ်ပြိုင်ပြီး ဆက်လက်၍ ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အထူးဆု(၁)၊ အထူးဆု(၂) ရရှိသူ ကျောင်းသား ကျောင်းသူများအား ကရင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမောင်မောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**သန်လျင်**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သန်လျင်မြို့နယ် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးတင့်မှ အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုက ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့်ပန်းချီပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **သန်းဝင်း(သန်လျင်)**

**တောင်ဥက္ကလာပ**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (တောင်ဥက္ကလာပမြို့နယ်)တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး



အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၆)ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သီရိမြန်မာခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် သဃ်္ဃန်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မိုးထိုက်နှင့် တာဝန်ရှိသူများက ဟောပြောပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) MANA ၏ ဒုတိယဥက္ကဋ္ဌ ရဲမှူးကြီး ဦးသိန်းကြည်က ဟောပြောကာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း လူငယ်အားမာန်(MYET)မှ ဦးလှမျိုးထွန်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်သော အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ **ခင်ဆွေနှင်း(ပြန်/ဆက်)**

**တာမွေ**

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို၏ ဦးဆောင်စီစဉ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့ ပူးပေါင်းကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန် ၂၄ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ အဆိုပါမူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပရာ မူးယစ်ဆေးစွဲသူများ



ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ်(၄၁) မူးယစ်တပ်ဖွဲ့စု (ရန်ကုန်အရှေ့ပိုင်း)မှ ရဲအုပ်နေလင်းထွန်း၊ တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မို့မို့အောင်နှင့် ဟာသသရုပ်ဆောင် ဦးချစ်ချောတို့က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေး ရှင်းလင်းဟောပြောသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**

**အင်းစိန်**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်ဓာတ်ပုံ စာအုပ်ပြပွဲကို ဇွန် ၂၄ ရက်က အင်းစိန် အထက(၁) ရောဝတီခန်းမ၌ ကျင်းပရာ



အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အငြိမ်းစား ရဲချုပ် ဝဏ္ဏကျော်ထင် ဦးစိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်း၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆွေးနွေးဟောပြောကြသည်။ **ဉာဏ်လင်း**



**မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် အသိပညာပေး နံရံကပ်စာစောင်များကို ဇွန် ၂၅ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျောင်းသား ကျောင်းသူများအား ပြသဆောင်ရွက်စဉ်။**

ခင်စန်းမြင့်(ပြန်/ဆက်)



## မအူပင်တက္ကသိုလ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့ ဟောပြောပွဲကျင်းပ

**မအူပင် ဇွန် ၂၆**
ဧရာဝတီတိုင်းဒေသကြီး မအူပင်တက္ကသိုလ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့ဟောပြောပွဲနှင့် စာစီစာကုံး၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများ ဆုချီးမြှင့်ပွဲကို ယမန်နေ့က မအူပင်တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မအူပင်တက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာနီနီဦးက အာဇာနည်နေ့နှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး သမိုင်းဌာန ပါမောက္ခဆရာမကြီး ဒေါက်တာမိုးမိုးပြုံးက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကိုယ်ရေးအကျဉ်းနှင့် အာဇာနည်နေ့နှင့် အမျိုးသားရေးတာဝန်ခေါင်းစဉ်ဖြင့် ဟောပြောရှင်းလင်းသည်။ ယင်းနောက် အာဇာနည်နေ့ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဒုတိယပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာဝင်းဝင်းအိက လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား ဒုတိယပါမောက္ခချုပ်ဆရာကြီး ဒေါက်တာသန်းအောင်ထွေးက လည်းကောင်း ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

## သရက်ခရိုင်၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးသင်တန်းဖွင့်လှစ်

**သရက် ဇွန် ၂၆**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးသင်တန်းကို ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန၏ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဇွန် ၂၄ ရက်က ကျင်းပရာ ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ တောင်သူ ၆၄ ဦးနှင့် စိုက်ပျိုးရေးရေးဝန်ထမ်း စုစုပေါင်း ၁၃၅ ဦး တက်ရောက်သည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ဆွေးနွေးမှာကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်စိုးက ခရိုင်အတွင်းရှိ တောင်သူများအတွက် လအလိုက် သီးနှံအလိုက် သင်တန်းဖွင့်လှစ် သင်ကြားပေးမည့် အစီအစဉ်နှင့် သင်တန်းတက်ရောက်ကြမည့် တောင်သူများအတွက် စီစဉ်ထားရှိသော စားသောက်နေထိုင်ရေးအစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးဇော်မိုးလွင်၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်သော်တာထွန်းနှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ကေသွယ်ဝင်းတို့က သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဆွေးနွေးပို့ချ၍ နည်းပညာဆိုင်ရာ လုပ်ငန်းများကို လက်တွေ့ပြသပေးပြီး တောင်သူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **နေလင်း(ပြန်/ဆက်)**



## ကွမ်းခြံကုန်းမြို့နယ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**ကွမ်းခြံကုန်း ဇွန် ၂၆**
ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ကြီးကြပ်မှုဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၅ ရက်က ကွမ်းခြံကုန်းမြို့နယ် အထက(၂) ဓာတိမာန်ခန်းမ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သိန်းနိုင်က လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်တရားသူကြီး ဦးတင့်နိုင်မင်းက လူကုန်ကူးမှုနှင့် ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်းနှင့် ဒုတိယမြို့နယ် ဥပဒေအရာရှိ ဦးမင်းနိုင်က လူကုန်ကူးမှုနှင့် သက်ဆိုင်သည့် ဥပဒေအကြောင်းအရာများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။ **ဆွေနွယ်(ပြန်/ဆက်)**

## သမဝါယမအသင်းသား တောင်သူများ မိုးစပါး(အထွက်တိုးမျိုး)စိုက်ပျိုး

**ကန်ကြီးထောင့် ဇွန် ၂၆**
ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါး(အထွက်တိုးမျိုး)စိုက်ပျိုးနေမှုကို ဇွန် ၂၁ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။



ထိုသို့ကြည့်ရှုရာတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းအေး၊ ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးမင်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများက ကန်ကြီးထောင့်မြို့နယ် ပျဉ်းမငူကျေးရွာ ရတနာဝင်းစိုက်/ထွေသမဝါယမအသင်းမှ အသင်းသား ဦးဌေးလွင်၏ လယ်မြေ ၁၅ ဧကနှင့် သဘော့ငူကျေးရွာ သဘော့ငူစိုက်/ထွေ သမဝါယမအသင်းမှ အသင်းသား ဦးမင်းမင်းထွန်း၏ လယ်မြေ ၁၂ ဧကတို့တွင် အထွက်တိုးစပါးမျိုးဖြစ်သည့် အောင်နိုင်တိုးစပါးမျိုးကို မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စကုမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**မင်းဘူး ဇွန် ၂၆**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် စကုမြို့၌ (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် ဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက စကုမြို့ No.1 ကိုယ်ပိုင်အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားတွင် စကုမြို့အုပ်ချုပ်ရေးမှူး ဦးချိုစန်းလွင်ဦးက (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ခိုင်စိုးက မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် နောက်ဆက်တွဲဆိုးကျိုးများ၊ ပြစ်မှု၊ ပြစ်ဒဏ်နှင့် ဥပဒေအကြောင်းအရာများ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က မူးယစ်ဆေးဝါးဆိုင်ရာ သီကောင်းစရာနှင့် သုတ၊ ရသ စာအုပ်စာပေများ ဖတ်ရှုလေ့လာခြင်း အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**



## မြန်မာ့ဂီတနေ့အထိမ်းအမှတ် သက်ကြီးဂီတပညာရှင်များအား ဂါရဝပြုပူဇော်

**ရန်ကုန် ဇွန် ၂၆**
မြန်မာ့ဂီတနေ့အထိမ်းအမှတ် သက်ကြီးဂီတပညာရှင်များအား ဂါရဝပြုပူဇော်ပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် ပါရမီလမ်းရှိ Family Music Land ခန်းမ၌ ယနေ့ ညနေပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်က မြန်မာ့ဂီတနေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး Family Music Land ပိုင်ရှင် ဦးကြည်ဝင်းက ဂါရဝပြုပူဇော်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသည့် ဂီတပညာရှင်ကြီးများက မြန်မာသံတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ဂီတဝါသနာရှင်များနှင့် ဧည့်ပရိသတ်များက သက်ကြီးဂီတပညာရှင် ၂၄ ဦးတို့အား ဂုဏ်ပြုဆုငွေများဖြင့် ဂါရဝပြုပူဇော်ခဲ့ကြကြောင်း သိရသည်။ **နိုင်ဌေးအောင်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်ရှိ ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## အမှိုက်များစနစ်တကျ ခွဲခြားစွန့်ပစ်ရေး အသိပညာပေး သရုပ်ပြ

**ဖြူး ဇွန် ၂၆**

ဖြူးမြို့နယ် အထက(၁)ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား တောင်ငူခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ အမှိုက်များ ခွဲခြားစွန့်ပစ်ရေး အသိပညာပေးသရုပ်ပြသခြင်းကို ယမန်နေ့က အဆိုပါကျောင်း၌ ပြုလုပ်သည်။

ဦးစွာ ဖြူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်က အမှာစကားပြောကြားသည်။ ထို့နောက် ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလင်း၊ တောင်ငူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းသီရိကျော်တို့က စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းမပြုလုပ်ရန်၊ စွန့်ပစ်ပစ္စည်းများ၏ ညစ်ညမ်းမှုအန္တရာယ်၊ အမှိုက်များကို စနစ်တကျ အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းဖြင့် ညစ်ညမ်းမှုအန္တရာယ်ကို လျော့ကျစေရေးနှင့် ပြန်လည်အသုံးပြုနိုင်ရေးကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား အသိပညာပေး၍ အမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်နိုင်ရေး အမှိုက်စိုအစိမ်းရောင်ပုံး၊ အမှိုက်ခြောက် အဝါရောင်ပုံး၊ ပလတ်စတစ်အမှိုက် အပြာရောင်ပုံး၊ ဘေးအန္တရာယ်ရှိအမှိုက် အနီရောင်ပုံးများအတွင်း အမှိုက်ခွဲခြားထည့်စေပြီး လက်တွေ့သရုပ်ပြခြင်း ဆောင်ရွက်ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

## အောင်ပန်းမြို့မအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**ကလော ဇွန် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့မအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်အတွက်နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၆ ရက် ယနေ့ နံနက် ၁၀ နာရီက အောင်ပန်းမြို့မ သမဝါယမအသင်းခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

ဦးစွာ သဘာပတိဥက္ကဋ္ဌ ဦးအောင်စိန်က အမှာစကားပြောကြားပြီး ကလောမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးညီညီအောင်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးခင်ထွန်းတို့က သမဝါယမအသင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက်အမှုဆောင်အဖွဲ့၏ ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် အမှုဆောင် အစီရင်ခံစာ၊ အသင်းစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးစာရင်းရှင်းတမ်းများကို အသင်းတာဝန်ရှိသူများက ဖတ်ကြားတင်ပြကြပြီး သဘာပတိက မှတ်တမ်းတင်ပေးခဲ့ပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျောင်းကုန်းမြို့၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

**ကျောင်းကုန်း ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အေးချမ်းသာယာခန်းမ၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထိုက်သင့်သောအခွန်များ ပေးချေနိုင်ရေး၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရေးစည်းကြပ်ဆောင်ရွက်သွားရန်၊ အခွန်ရှောင်သူများကို ဖော်ထုတ်နိုင်ရန် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ စားသောက်ဆိုင်၊ ရွှေဆိုင်၊ တည်းခိုခန်းများ၏ လုပ်ငန်းရှင်များကို ရှောင်တခင်စစ်ဆေးကြရန်လိုကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်အခွန်ဦးစီးမှူး ဒေါ်အေးအေးမော်က ပြေစာများအပေါ်တွင် ကပ်နှိပ်သည့် အခွန်အမှတ်တံဆိပ်များအပေါ်ရှိ QR Code အမှတ်အသားများကို QR Scanner ဖြင့် ဖတ်ရှုပါက အမှတ်တံဆိပ်များအား ကွဲပြားစွာဖော်ပြမည်ဖြစ်သဖြင့် သက်ဆိုင်သည့် အခွန်အမှတ်တံဆိပ်များကိုသာကပ် နှိပ်အသုံးပြုရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## သာယာဝတီမြို့နယ်၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



**သာယာဝတီ ဇွန် ၂၆**

ပြည်တွင်းအခွန်များဦးစီးဌာန သာယာဝတီမြို့နယ်နှင့် လက်ပံတန်းမြို့နယ်၏ အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီက သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုက အမှာစကားပြောကြားပြီး သာယာဝတီမြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဇေယျာဦးက အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လှိုင်လင်မြို့ အထက(၃) ၌ ငလျင်ဘေးအန္တရာယ် ကာကွယ်ရေးသရုပ်ပြ

**လှိုင်လင် ဇွန် ၂၆**

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လှိုင်လင်ခရိုင်ရုံးနှင့် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲနှင့် ငလျင်အန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့ နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်သန္တာရွှေက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြောင့် နေပြည်တော်တွင် ကိုယ်တိုင်ကြုံတွေ့ခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ကြက်ခြေနီတပ်ဖွဲ့နှင့် ကျောင်းသား ကျောင်းသူ ၁၅၀ တို့ စုပေါင်း၍ ငလျင်ဘေးအန္တရာယ် သရုပ်ပြသကြသည်။

**လှိုင်လင်မိုး**

## ဖျာပုံမြို့၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဟောပြော

**ဖျာပုံ ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် နောင်တော်ကြီးကျေးရွာ တောင်သူ ဦးဇော်လှိုင်ထွန်း၏ လယ်မြေ နှစ်ဧက၌ မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး နည်းပညာပေး ဟောပြောခြင်း၊ မိုးစပါး ခေါင်နှံမျိုးစေ့ချခြင်းနှင့် မျိုးစေ့ပေးအပ်ပွဲကို ယမန်နေ့က ဖျာပုံမြို့နယ် နောင်တော်ကြီးကျေးရွာ စိုက်ပျိုးပညာပေးရေးစခန်း၌ ကျင်းပသည်။

အဆိုပါ ပညာပေးဟောပြောရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်တို့က အမှာစကားပြောကြားပြီး တက်ရောက်လာကြသော တောင်သူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ ပေါ်ဆန်းစပါး ခေါင်နှံစနစ်ဖြင့် မျိုးစေ့ချခြင်းကွင်းသရုပ်ပြရာသို့ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မော်လမြိုင်မြို့၊ ဆံတော်ရှင် ကျိုက်သုတ်စေတီတော် အကြိမ် (၁၄၀)မြောက် ဆေးပဋ္ဌာန်းပူဇော်ပွဲ နှိုးဆော်စာ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၏ ကျက်သရေဆောင်၊ ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ်ကြီးတွင် အစဉ်အလာမပျက် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်မှစ၍ **"ဆေးပဋ္ဌာန်းပူဇော်ပွဲ"** ကို နှစ်စဉ် ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခုနှစ်တွင် **အကြိမ် (၁၄၀)မြောက် ဆေးပဋ္ဌာန်းပူဇော်ပွဲ** ကို မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအား ကျန်းမာရေးအတွက် တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးများဖြင့် **"အာယုဒါန"** ဆေးအလှူတော်ကို ၁၃၈၇ ခုနှစ် (ဝါခေါင်လကွယ်နေ့) ၂၂-၈-၂၀၂၅ ရက် (သောကြာနေ့)တွင် ဆပ်ကပ် လှူဒါန်းမည် ဖြစ်ပါသည်။

**"သက်ရှည် ကျန်းမာဘေးရန်ကွာ၊ ချမ်းသာဆင်းလှ၊ ခြံရံရလျက် ဗလအားသည်း ပညာကြီး၍ ပစ္စည်းခိုင်မြဲ မကွဲချစ်သူ ကျိုးဆယ်ဆူမှာ ဆေးလှူသူတို့ရဖို့တည်း"**.......

ဟူသော အကျိုးငှာ စေတနာရှင် သဒ္ဓါကြည်လင် ပါရမီရှင်များသည် ဆေးနှင့် ဆေးအလှူငွေများကို သဒ္ဓါထက်သန်စွာဖြင့် ပါဝင်လှူဒါန်းပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**"ငါဘုရားကို ချစ်ကြည်ညိုမူ-ငါတူညီမျှ-ဂိလာနကို မေတ္တာပို၍ ရှိသေလေးမြတ် လုပ်ကျွေးအပ်၏။"**

**ဆက်သွယ်လှူဒါန်းနိုင်သော လိပ်စာ၊ ဖုန်းနံပါတ်များ**

မော်လမြိုင်မြို့ - ကျိုက်သုတ်စေတီတော်ဂေါပကအဖွဲ့၊ ဖုန်း- ၀၉-၄၀၈၈၃၄၁၈၄
ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဖုန်း- ၀၉-၅၃၂၂၇၃၆
အတွင်းရေးမှူး ဦးမျိုးသန့်၊ ဖုန်း- ၀၉-၅၁၅၀၉၆၈
ဘဏ္ဍာထိန်း ဦးမြအောင်၊ ဖုန်း- ၀၉-၄၃၀၀၄၆၆၈

ရန်ကုန်မြို့ - 'မော်လမြိုင်အသင်း' ရွှေတိဂုံအနောက်ဘက်စောင်းတန်း အောက်ပစ္စယံ၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၈၉၇၈၁၁၂၈၆၊ ၀၉-၄၅၀၄၀၇၉၃၂

လှူဒါန်းမည့်ဆေး ပစ္စည်းများကို - ဦးရဲမြင့်ဆန်း (ချမ်းမွန်သက်န်းတိုက်)၊ အမှတ် ၃၁(ဘီ)၊ မြေညီထပ်၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၃၂၀၂၄၃
- ဒေါ်ခင်လေးဝေ၊ အမှတ်(၇၀)၊ ၉၄-လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉ ၂၅၅၉၁၉၁၄၄ တို့ထံသို့ ပေးပို့လှူဒါန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ သုခလမ်း၊ မြေကွက်အမှတ်(၂၉၄)၊ (၄၀x၆၀)ပေ အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း(အမှတ်-၂၉၅ နှင့် ကပ်လျက်ခြမ်း) ဖြစ်သည့် အမှတ်(၂၉၄/က)၊ (၂၀x၆၀)ပေရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တပ်ကြပ်ကြီး သန်းရွှေ(ငြိမ်း) ၁၂/လကန(နိုင်)၁၂၁၇၃၄ အမည်ပေါက် မြေချပါမစ်မူရင်းနှင့်အတူ အဆက်စပ်စာချုပ်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ချစ်စုမျိုးအေး ၁၂/ဒဂရ(နိုင်)၀၂၃၃၀၁မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ဟန်သူထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာမိုး LL.B အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၇၇၄၅၈၅၂၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဇမ္ဗူသီရိမြို့နယ် 'သဇင်' ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-12 (ဖြေဆိုပြီး)ဖြစ်သူ မကြည်စင်ဖြူ၏ ဖခင်ဦးရဲမြင့် နှင့် ဦးရဲမြင့်နိုင် ၉/မလန(နိုင်)၀၀၁၈၄၈ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးရဲမြင့် (ခ) ဦးရဲမြင့်နိုင်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၈**

ဒေါ်ခင်ခင်ဦး **နှင့်** ဒေါ်ကြည်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆) ရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်း၊ အမှတ်-၂၈၈ နေ ဒေါ်ကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၈ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချုံကေရီဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9R/5298 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/28047, Kenbo-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၇/ပခတ(နိုင်)၀၄၈၃၁၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## အများပြည်သူ သိစေရန်ကြေညာခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၆၁၆)၊ ထောင်ဝင်ကွင်းအတွင်းရှိ ဦးပိုင်အမှတ်(၇၀/၅)၊ ဧရိယာ ၀ ဒသမ ၈၄ဧကာ၊ လယ်မြေတည်နေရာတို့၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) တို့သည် နေအိမ်ပြောင်းရွှေ့ရာ အမှန်တကယ် ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ ၎င်းလယ်ယာမြေပုံစံ(၇)များအား ဒုတိယမူရင်း(သို့) မိတ္တူမှန်ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ဥပဒေနှင့်အညီ တင်ပြလျှောက်ထားပြီးဖြစ်ပါကြောင်း အများပြည်သူများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်လင်း၊ ၁၃/တကန(နိုင်)၀၀၃၂၃၂(ဖုန်း-၀၉ ၉၄၅ ၂၁၅ ၄၅၂)**

## ဖခင်အမည်မှန်

ဖျာပုံမြို့နယ် အထက(၄) Grade-5 မှ မောင်လွင်မင်းခန့် ၏ ဖခင်အမည်မှန်မှာ ဦးချစ်နေဘို ၁၄/ဖပန(နိုင်)၁၅၃၂၀၄ ဖြစ်ပါကြောင်း။

**ဦးချစ်နေဘို**

## ဖခင်အမည်မှန်နှင့် မှတ်ပုံတင်အမှန်

မိုးကောင်းမြို့နယ်၊ အမက (ကျွန်းတော) Grade-3 မှ မောင်အောင်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးထက်မြတ်နိုး ဖြစ်ကြောင်းနှင့် မှတ်ပုံတင်အမှတ်အမှန်မှာ ၁/ကမတ(နိုင်)၀၀၆၂၇၈ ဖြစ်ပါကြောင်း။ **ဦးထက်မြတ်နိုး**

## (၂၄-၆-၂၀၂၅)ရက်စွဲပါ သတင်းစာကြော်ငြာအား ဖျက်သိမ်းကြောင်းကြော်ငြာခြင်း

(၂၄-၆-၂၀၂၅)၊(စာ-၂၂)ဖြင့် ကြော်ငြာပါရှိခဲ့သော "အမွေခွဲဝေပေးပြီးကြောင်းသက်ဆိုင်သူကာယကံရှင် ဒေါ်အိမြတ်မွန်(၁၂/ကမရ(နိုင်)၀၁၀၆၇၉) နှင့် အများသိစေရန်ကြေညာ"ချက်တွင်ပါရှိသော အချက်အလက်အချို့သည် လိုအပ်ချက်ရှိခြင်းနှင့် မှားယွင်းမှုများပါဝင်ခဲ့ပါသဖြင့် အဆိုပါကြော်ငြာချက်အား ဖျက်သိမ်းပါသည်။

**ဦးထွန်းမင်းသိန်း**
**LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၈၃)**
**ဖုန်း- ၀၉ ၄၅၀၇၅၃၉၄၅၊ ၀၉ ၆၇၄၇၉၀၂၄၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/52648,Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထက်အောင် ၇/ဇကန(နိုင်)၀၄၉၆၉၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/89667, Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဇော် ၇/ပမန(နိုင်)၂၂၈၅၁၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ် (၇/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၈၃)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်နွယ်နွယ်စိန် ၅/မရန(နိုင်)၀၃၄၆၃၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် / မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/32294, Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာထွန်း ၇/ပမန(နိုင်)၁၇၉၈၃၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/23999, Honda Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောဝင်း ၇/ရတန(နိုင်)၁၀၁၇၉၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် GG/3797 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/34324, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးနိုင် ၉/အမတ(နိုင်)၀၁၆၈၅၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/36555, Kenbo- 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမိုးခိုင် ၈/ပခက(နိုင်)၁၅၃၈၆၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅ ဒီ၊ မြေကွက်အမှတ် ၄၇-၃၉/၁၇-အေ[၁၁၁]၊ အကျယ်အဝန်းဧရိယာ(၀ဒသမ၁၃၁) ဧကရှိ ၁ ။ ဦးအောင်ကျော်ကျော် ၁၂/မရက(နိုင်) ၀၇၅၀၆၃ ၂။ ဒေါ်သန်းသန်းအေး ၁၂/လမတ(နိုင်)၀၁၈၉၄၈ အမည်ပေါက် မြေပိုင်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၇/ဘီ-၂၊ ပြည်ထောင်စုလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး အရောင်းအဝယ်ပြုလုပ်ရန်ကမ်းလှမ်းလာသူ ဦးအောင်ကျော်ကျော်+၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းထွန်း(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၁၃)**
**ရုံးခန်း(၅)၊ပထမထပ်၊ Strand Condominium၊ အမှတ်(၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/3637,Jialing-90,M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သန်း ၅/ယမပ(နိုင်)၀၃၅၃၀၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၈၃၄၉၉, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နေစိုး ၉/ခအဇ(နိုင်)၀၀၀၁၈၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အထက ရေတာရှည် Grade-8 မှ မရွှန်းလဲ့ကြည်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ထက်ဝင်း ၅/ဘတလ(နိုင်)၀၅၃၄၂၉ ဖြစ်ပါကြောင်း။

**ဦးကျော်ထက်ဝင်း**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 17W/19521 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၂/ရွာထောင်)၊ ဦးပိုင်အမှတ်(၅၃/ခ)၊ မြေဧရိယာ ၀ ဒသမ ၀၉၄ဧကရှိမြေသည် ဦးစိုးလှိုင်-ဒေါ်ခင်ပြုံးရီ တို့အမည်ဖြင့် RP No.၄၅ of 1995 ဖြင့် မြေငှားဂရန် သက်တမ်းသည် ၂၉-၃-၁၉၉၅ ရက်မှ ၂၈-၃-၂၀၂၅ရက်အထိရရှိခဲ့ပြီး အဆိုပါ မြေငှားဂရန်အမည်ပေါက်သူ ဦးစိုးလှိုင် ၅/စကန(နိုင်)၀၃၂၂၃၁နှင့် ဒေါ်ခင်ပြုံးရီ ၅/စကန(နိုင်)၁၆၉၈၆၂ တို့မှ ဒေါ်ဆွေဇင်ဦး ၅/စကန(နိုင်)၁၇၅၁၁၂ သို့ မြေကွက်နှင့် အဆောက်အအုံအရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့၍ စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါကြောင်း ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဆွေဇင်ဦးအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍(၁၅)ရက်အတွင်းစစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင် ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၆၆

ဦးကျော်သူအေး နှင့် ၁။ ဦးတင်မျိုးမြင့်

၂။ ဦးမင်းမင်းထူး

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ် ၁၇၆/၂၀၂၄ ၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါအမိန့်ကို ပြင်ဆင်မှုလျှောက်လွှာနှင့်ပတ်သက်၍ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး ၁၀၊ သီရိပဒေသာကားကြီးဝင်း၊ ၄ ခန်းတွဲ တိုက်ခန်း၊ B–16 (A+B) (ယခုလိပ်စာမသိ)နေ အမှတ်(၂) လျှောက်ထားခံရသူ ဦးမင်းမင်းထူး သိစေရမည်။

ဤအမှုတွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်နီနီမြင့်က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် နံနက် (၁၀) နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းမျိုးဌေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ နန်းမိုခမ်းစင် (၁၃/မတန(နိုင်)၀၀၈၀၈၇)၏ ဖခင်အမည်မှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဘွဲ့လက်မှတ်တွင် ဦးတင်ဌေး ဖြစ်နေပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းတွင် ဦးစိုင်းတင်ဌေး ဖြစ်နေပါသဖြင့် ဦးတင်ဌေးနှင့် ဦးစိုင်းတင်ဌေးမှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် /အမည်(၆/ရှမ်းပွဲရပ်)၊ ဦးပိုင်အမှတ်(၁၅၁)အတွင်းရှိ အိမ်အမှတ်(၁/၃၄၉)၊ အလျား(၆၇x၆၇)ပေ၊ အနံ(၁၉ x ၁၇)ပေရှိ အိမ်ဝိုင်းမြေကွက်အား စာချုပ်အဆင့်ဆင့်ဖြင့် နောက်ဆုံးဝယ်ယူထားသူ ဒေါ်ဝေမာစိုး ၉/ပမန(နိုင်) ၂၉၀၀၅၇ ထံမှ ကျွန်တော် ဦးကျော်ကိုကို ၉/ပမန(နိုင်)၂၅၇၉၁၇ က ဝယ်ယူထားပြီး၊ စရန်ငွေပေးချေထားရှိကာ ကျန်ငွေအားလုံးကို ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ငွေအကြေပေးချေမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ကိုကို**
၉/ပမန(နိုင်) ၂၅၇၉၁၇
အမှတ်(၅/၆၅)၊ ရမည်းသင်းစု၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/61195 ယာဉ်လက်ဝယ်ရှိသူ ဦးစောမင်းလတ် ၇/သနပ(နိုင်) ၁၄၁၉၃၂က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 69W/41932, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ စောအောင်နိုင်ထူး ၁၄/အဂပ(နိုင်)၁၈၈၉၈၄က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/56480, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ကြီး ၁၄/မမက(နိုင်)၁၄၂၉၁၆ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/10608 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွေး ၁၄/မအပ(နိုင်)၁၉၂၉၃၃က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၅–၂၀၂၆)ခု ဘဏ္ဍာရေးနှစ် ၊ တောင်ကြီးမြို့၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး တွင် အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) Linear Accelerator (Model: Clinac iX, Varian) စက်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း

(ခ) Cobalt–60 (Model:Equinox 100)စက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၂၇–၆–၂၀၂၅)ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး (၁၀–၇–၂၀၂၅)ရက် ညနေ ၄နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက တောင်ကြီးမြို့၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး (ဖုန်း –၀၈၁–၂၁၂၁၁၀၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြေ(၅)လမ်းအနောက်၊ မြေကွက်အမှတ်(၁၁၀၅/ခ)၊ ဧရိယာ (၀ဒသမ ၀၂၆) ဧက အကျယ်အဝန်း (၁၉' x ၆၀')ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ဌေးဌေးလွင် ၁၂/မဂတ(နိုင်)၀၇၃၇၅၆ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပိုးနှင်းဖြူ ၁၃/လရန(နိုင်)၁၃၃၀၂၇က ပြန်လည်ဝယ် ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဇာနည်(LL.B,D.B.L)** **(စဉ်–၁၄၆၆၈)**

**ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B)** **(စဉ်–၁၈၇၂၆)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း–၀၉–၄၂၀၃၀၀၂၆၂**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ထားဝယ်မြို့၊ ကျောက်မော်ရပ်ကွက်၊ အကွက်အမှတ်(၅၈)၊ အကွက်အမည်–ညောင်ရမ်းမြောက်အကွက်၊ ဦးပိုင်အမှတ်(၁၁၁)၊ ဧရိယာ(၀ဒသမ၀၉၃)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်–

(က) အရှေ့လားသော် – ဦးပိုင်အမှတ်(၁၁၀)

(ခ) အနောက်လားသော် – ရန်ကြီးအောင်လမ်း

(ဂ) တောင်လားသော် – ဦးပိုင်အမှတ်(၁၁၂)

(ဃ) မြောက်လားသော် – ဦးပိုင်အမှတ်(၁၀၃)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်/မြေပိုင်ခွင့်အရေးရရှိထားသော မြေအမည်ပြောင်း)ပေးရန် ဦးမျိုးမြတ်ထွန်းပါ(၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ် ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ထားဝယ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၆၉၈၅၁ ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူဖြိုး ၁၀/ပမန(နိုင်)၁၇၁၂၆၈ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ဟ/၉၄၂၄ ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်နိုင် ၁၀/ပမန(နိုင်)၂၈၇၅၂ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ(၀ဒသမ၁၁၆)ဧက၊ မြေကွက်အမှတ် (ဥသ–၂၁၅၄)၊ ဦးတင်ထွန်းမင်း (ဘ)ဦးတင်မောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်နေစီနိုင် ၁၂/မဂတ(နိုင်)၀၆၇၁၅၃(ဘ)ဦးဂေါ်လီမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၅၈၃/၂၀၂၂(၁၉–၁၂–၂၀၂၂)တင်ပြ၍ ဒေါ်ခိုင်သဇင်အောင် ၉/ကဆန(နိုင်) ၁၀၇၈၆၅(ဘ)ဦးမြင့်သန်း အမည်ဖြင့် မြေနေရာငှားရမ်းခြင်း မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အကြီးစားပွဲရုံ၊ ဆိုင်ခန်း၊ လူနေတိုက်ခန်းများ အမြန်ရောင်းမည် စီးပွားရေး ငွေကြေး ရင်းနှီးမြှုပ်နှံလိုသူများ အမြန်ဆက်သွယ်ပါ

အင်းစိန်မြို့နယ်၊ တညင်းကုန်း ခေတ်မီအဆင့်မြင့် လက်ကားဈေးသစ်ကြီး၌ တည်ဆောက်လျက်ရှိသော ပေ ၄၀x ပေ၆၀ မြေပေါ်ရှိ နှစ်ခန်းတွဲသုံးထပ်ခွဲတိုက်ကို လုံးချင်းသော်လည်းကောင်း၊ တစ်ခြမ်းချင်းသော်လည်းကောင်း၊ တစ်ခန်းချင်းစီသော်လည်းကောင်း အထူးသက်သာသော ဈေးနှုန်းဖြင့် အမြန်ရောင်းချပေးနေပါပြီ။ နာမည် အမည်ပေါက်ရမည်။ မြေညီထပ်ခိုးပါ ပေ ၂၀ x ပေ ၆၀ ဦးစားပေးရောင်းမည်။

**ဆက်သွယ်ရန် ဖုန်း – ၀၉–၅၀၀၀၆၇၃၊ ၀၉–၅၁၅၉၁၃၄၊ ၀၉–၅၁၅၁၅၇၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ ဘိုးရာဇာလမ်း၊ မြေကွက်အမှတ် (၃၄)၊ ဦးတင်ရွှေ (CE–၀၄၈၆၂၀) အမည်ပေါက် (၄၀ပေx၆၀ပေ)အကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကို မျက်နှာမူလျှင် (ဘယ်ဘက်အခြမ်း)၊ မြေကွက်အမှတ် (၃၃)နှင့် ကပ်လျက်ဘက်အခြမ်း (၂၀ပေx၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ စာချုပ်အစဉ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ကေဇင်လင်း (၈/စလန(နိုင်)၀၀၁၃၃၃)မှ အပေါင်အနှံ အရှုပ်အရှင်းကင်း ရှင်း၍ ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဌေးဌေးဝင်း(LL.B, D.I.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၁၆)**
**အမှတ် (၂၇)နိဂြောဓလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၅၀၃၇၅၅၈၊ ၀၉–၇၈၅၀၃၇၅၅၈၊ ၀၉–၆၉၁၈၀၁၅၂၇**

## မွေးသက္ကရာဇ်အမှန်

တပ်ကုန်းမြို့နယ်၊ ရွှေမြို့အုပ်စု၊ ဘူတာကျေးရွာနေ ဦးထွန်းနိုင်ဝင်း ၅/မမန(နိုင်) ၀၆၄၉၁၈၏ မွေးသက္ကရာဇ်အမှန်မှာ ၅–၁–၁၉၈၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ အထက(ခွဲ) (ဇေယျာမွန်) Grade–4 (B) မှ မသဉ္ဇာသိမ့်၏ ဖခင်အမည်မှန်မှာ ဦးစန်းဝင်းထွန်း ၇/ပခန(နိုင်) ၃၈၄၇၈၁ ဖြစ်ပါကြောင်း။

**ဦးစန်းဝင်းထွန်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ မဒေါက်မြို့၊ အထက(ခွဲ) ဈေးပိုင်းကျောင်း Grade(6) မှ မအိဖူးတုံ၏ ဖခင်အမည်မှန်မှာ ဦးသက်လွင် ၇/ညလပ(နိုင်) ၁၃၄၆၇၆ ဖြစ်ပါကြောင်း။

**ဦးသက်လွင်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ အထက(ခွဲ) (ဇေယျာမွန်) Grade–10 မှ မောင်ဖြိုးဝေယံ၏ ဖခင်အမည်မှန်မှာ ဦးဇင်ဘိုလှိုင် ၁၀/ကထန(နိုင်)၁၀၇၃၅၃ ဖြစ်ပါကြောင်း။

**ဦးဇင်ဘိုလှိုင်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ အထက(ခွဲ) (ဇေယျာမွန်) Grade–8 မှ မဆောင်းနှင်းဝေနှင့် မဆောင်းကဗျာ တို့၏ ဖခင်အမည်မှန်မှာ စောပုထွေး ၁၀/ ကထန(နိုင်) ၁၆၅၅၇၄ ဖြစ်ပါကြောင်း။

**စောပုထွေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၉၁၃၉ ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်း ၁၂/စခန(နိုင်)၀၄၉၀၁၆ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်ရှိ အကွက်အမှတ်(၃၀)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ (၀.၀၅၅)ဧကအတွင်းမှ အရှေ့အနောက်(၂၀)ပေ၊ ဝင်းမြေ၏ ရှေ့မျက်နှာစာ (တောင်မြောက်)(၆၀)ပေ အကျယ်အဝန်းရှိသော အရှေ့လားသော် ဦးဖိုးသား(ခ)ဦးဖိုးထွား၊ အနောက်လားသော် ဦးမြင့်စိုး၊ တောင်လားသော်လမ်း၊ မြောက်လားသော် ဝိုင်းမြေ အလွတ်စသည့်နယ်လေးရပ်အတွင်းရှိဦးသိန်းဇံအမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ RC(၃)ထပ်တိုက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူဖြစ်သည့် ဒေါ်ဥဥရတနာထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းထွန်း နှင့်ဒေါ်ဝါဝါခိုင်တို့ဇနီးမောင်နှံမှ စရန်ငွေအချို့တစ်ဝက် ပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လဲ့လဲ့သင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၃၂၀)**
**အေးမြကြည်လင်ရပ်ကွက်၊ ကျောက်ဆည်မြို့၊**
**ဖုန်း–၀၉–၈၉၅၈၂၉၅၁၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၈၃၃၈၃ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ဦး ၁၀/မလမ(နိုင်)၂၄၄၃၃၅ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်စုစုသွယ် ၁၂/ဥကတ(နိုင်)၀၀၀၇၀၈ (ဘ)ဦးညွန့်ခင် အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ–၃၁၇၉၅)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၆၈၆/၂၀၂၃ (၃–၁၀–၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်မျိုးမော် ၉/သပက(နိုင်)၀၁၄၂၉၀ (ဘ)ဦးချစ်လှိုင်မှ ဒေါ်အေးအေးကြူ ၁၀/ကထန(နိုင်)၀၈၉၆၀၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၅၂၃၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိချော ၁၀/မလမ(နိုင်)၂၂၉၇၃၅ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂၇

ဦးဇော်လင်း နှင့် တပ်သားဝင်းအောင်(ခ)တသဝင်းအောင်
တရားလို တရားပြိုင်

မန္တလေးမြို့၊ အကွက်အမှတ်(၈၈-၂၀)၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်နေ တပ်သားဝင်းအောင်(ခ)တသ ဝင်းအောင် (ဘ) ဦးစံထူး KLO-၀၈၅၄၆၀ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်လင်းက "မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၀)၊ ဦးပိုင်အမှတ်(၇၂)၊ ဧရိယာ(၀.၀၅၅၁) ကေအကျယ် အဝန်းရှိ မြေကွက်အား ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆုတ် ၁ ရက်) မွန်းမတည့်မီ ( ၁၀:၀၀ ) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆို လွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပြည့်ပြည့်သဲခိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၄)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အမှတ်(၁၆/A)၊ ဦးပိုင်အမှတ်(၁၇)၊ (၃၃)လမ်း နှင့်တောင်ငူလမ်းထောင့်၊ ရှင်စောပုရပ်ကွက်ရှိ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ပိုင် ဝင်းသူဇာအရောင်းဆိုင်(ပဲခူး-၁) မြေဧရိယာ(၀ဒသမ၃၃၄)ကေနှင့် အကျယ် အဝန်း(၄၀x၇၀x၁၁)ပေ အဆောက်အအုံ (၁)လုံးအား တင်ဒါခေါ်ယူငှားရမ်းသွား မည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၂၇-၆-၂၀၂၅ရက်(သောကြာနေ့) |
| ၃။ | **တင်ဒါပိတ်ရက်** | - | ၁၀-၇-၂၀၂၅ရက် ညနေ ၃နာရီ |
| ၄။ | **တင်ဒါပေးသွင်းမည့်နေရာ** | - | ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော် |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၂၁၃၊ ၀၆၇-၃၄၀၈၂၀၃ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင်(၂၁)လမ်း၊ မြေကွက်အမှတ်(G-၂၄၅)၊ အလျား x အနံ (၂၀ x ၆၀)ပေ အကျယ်ရှိ (ခြေရင်းခြမ်း)၊ ဒေါ်ကြင်မြိုင် ၁၂/သလန(နိုင်)၀၃၆၇၆၆ အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကြည်လိုင် ၁၂/သလန(နိုင်)၀၂၈၁၉၄ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီစလင်းညိုညို ၁၀/မလမ(နိုင်)၂၇၅၁၇၉က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခု နှစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးဇာနည်(LL.B,D.B.L)** **ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B)**
**(စဉ်-၁၄၆၆၈)** **(စဉ်-၁၈၇၂၆)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၇၉၇၀၇၅၃၁၂**

## ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ အ.ထ.က-ပုတီးကုန်းကျောင်း၊ Grade-12 မှ မနွယ်နီလင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းမင်းထွဋ် ၇/သကန(နိုင်)၀၉၅၅၆၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ အ.ထ.က-ပုတီးကုန်းကျောင်း၊ Grade-12 မှ မမိုးပြည့်ပြည့်ဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး ၇/သကန(နိုင်)၀၉၃၃၈၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/ဒက္ခိဏသီရိရပ်)၊ မြေကွက်အမှတ် (ဒ-၁၂၁၇)၊ မြေဧရိယာ (၀.၃၃၀)ကေရှိ ဦးကြည်စိုး (ဘ)ဦးခင်မောင်မြင့် ၁၂/ရတန(နိုင်)၀၂၂၁၃၁ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးကြည်စိုးမှ ဒေါ်ချစ်စုသင်း (ဘ)ဦးမြင့်စိန် ၁/မကန(နိုင်)၁၁၆၄၅၆နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၉

ဦးဇော်ဦး နှင့် ဦးဘိုကြီး
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(ဒဒ-၁၄)၊ ဦးပိုင် (၃၀)၊ (ဆ)ရပ်ကွက်နေ ဦးဘိုကြီး(ဘ)ဦးမြ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

